# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြ၏**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြ၏။

ပုပ္ဖဝဂ် (ဓမ္မပဒ - ၅၄)


၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၀၆၃)


## ပြည်ထောင်စုကြီး ငြိမ်းချမ်းလာသည်နှင့်အမျှ တိုင်းရင်းသားအားလုံးအတွက် ညီညွတ်မျှတဖွံ့ဖြိုး တိုးတက်ရေးကို အမျိုးသားရေးစိတ်ဓာတ်အရင်းခံပြီး စုပေါင်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်မှာဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ**
**(၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်**
**သဝဏ်လွှာ**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)**

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူပြည်သားအပေါင်းတို့ခင်ဗျား-**

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခါသမယတွင် တိုင်းရင်းသားပြည်သူ ပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာသည့် သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် တက္ကသိုလ်ပညာ လွတ်လပ်စွာသင်ယူမှုကို ကန့်သတ်ထားသော နယ်ချဲ့ကိုလိုနီတို့၏ ယူနီဗာစီတီအက်ဥပဒေကို အမျိုးသားရေးစိတ်ဓာတ် ထက်သန်ကြသည့် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများက ဦးဆောင်ပြီး မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်) နေ့တွင် သပိတ်မှောက်ခဲ့ကြပါသည်။ ထိုကျောင်းသားသပိတ်ကြီးသည် တစ်နိုင်ငံလုံးသို့ပျံ့နှံ့သွားပြီး အနယ်နယ်အရပ်ရပ်တွင် ကျောင်းသားသပိတ်များ ဖြစ်ပေါ်ခဲ့ပါသည်။ တက္ကသိုလ်ကျောင်းသားများက စတင်ခဲ့သည့် သပိတ်သည် တက္ကသိုလ်ပညာရေးနှင့်သာ သက်ဆိုင်သော အရေးကိစ္စမဟုတ်ဘဲ မြန်မာတစ်မျိုးသားလုံးကို အမျိုးသားရေးစိတ်ဓာတ်များ

*စာမျက်နှာ ၃ ကော်လံ ၁* ✤

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှ - ပစိဖိတ် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြား

**ကတ္တမန္ဒူ ဒီဇင်ဘာ ၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒီဇင်ဘာ ၁ ရက်တွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကတ္တမန္ဒူမြို့၌ ကျင်းပသည့် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး (Asia Pacific Summit 2018- Nepal) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ကတ္တမန္ဒူမြို့ရှိ Hyatt Regency Kathmandu ၌ ကျင်းပသည့် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး (Asia Pacific Summit 2018- Nepal) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ ဖိလစ်ပိုင်နိုင်ငံ ဒုတိယသမ္မတနှင့် အခြား အာရှ - ပစိဖိတ် နိုင်ငံပေါင်း

*စာမျက်နှာ ၄ ကော်လံ ၁* ❒




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်

## ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။




မြန်မာ့အလင်း

# အမျိုးသားစိတ်ဓာတ်နှင့် မျက်မှောက်ခေတ်တာဝန်

၁၉ ရာစု နှောင်းပိုင်းကာလ တိုင်းတစ်ပါး၏ ကျူးကျော်မှုကို တတိယအကြိမ်မြောက် ခုခံမှုများ ရှုံးနိမ့်ခဲ့ရအပြီးတွင် မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့တို့၏ သိမ်းပိုက်ခံလိုက်ရသည်။ သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်ဟု စာပေမှတ်တမ်းများတွင် သုံးနှုန်းသည်။ နယ်ချဲ့တို့၏ ကျူးကျော်စစ်ကို မြန်မာတို့၏ ခုခံမှုက အစည်းပြေနေသည့် ခုခံမှုများသာဖြစ်သည်။ စည်းလုံးညီညွတ်မှုတို့ ဖြေလျော့နေချိန်၊ ဗဟိုအုပ်ချုပ်ရေးမှာလည်း အတွင်းပြဿနာတို့ဖြင့် လုံးထွေးနေရသည့်အချိန်တွင် ပြင်ပမှ ကျူးကျော်လာသည့် ရန်သူကို မတွန်းလှန်နိုင်တော့ဘဲ အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

သို့တိုင် တစ်နိုင်ငံလုံးရှိ မြန်မာပြည်သူတို့မှာ အရှုံးကို အလွယ်တကူဖြင့် လက်ခံတတ်သူများ မဟုတ်ခဲ့။ ခေါင်းဆောင်အသီးသီးတို့၏ ဦးဆောင်မှုများဖြင့် ဒေသအသီးသီးမှာ တော်လှန်ပုန်ကန်မှု အများအပြား ပေါ်ပေါက်ခဲ့ရာ အင်ပါယာအစိုးရက အင်အားအမြောက်အမြား အသုံးပြုပြီး ပြင်းပြင်းထန်ထန်နှိပ်ကွပ်ခဲ့သည်။ မြန်မာ့ဦးစွန်းကို ချိုးနှိမ်၍ မြန်မာ့လူမှုအဖွဲ့အစည်းတစ်ရပ်လုံးကိုပါ နင်းခြေခဲ့ရာ "စာဇင်တောင် ဒူးချလို့၊ ပလူးရ ပြေးကြို့ခါခါ၊ ခွေးသို့ပမာ"ဟု အချုပ်တန်းဆရာဖေ ရေးဖွဲ့ခဲ့သည့်အတိုင်း ပုလိပ်ဆာဂျင်အဆင့်လောက်ကိုပင် လက်အုပ်ချီ ဒူးထောက်ကာ ဘုရားထူးခဲ့ရသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။ နယ်ချဲ့သံဖနောင့်အောက်တွင် အမျိုးသားရေးစိတ်ဓာတ်တို့ ကြေမွခဲ့ရခြင်းပင်တည်း။

အင်ပါယာအုပ်ချုပ်ရေးအောက်တွင် ဆယ်စုနှစ်အနည်းငယ်ကြာပြီးသည့်နောက် ယာယီငုပ်လျှိုးနေခဲ့ရသည့် အမျိုးသားရေးစိတ်ဓာတ်တို့ ပြန်လည် နိုးထလာသည်။ ၂၀ ရာစု ဆန်းစကာလ မြန်မာမျိုးဆက်သစ်တို့က အင်ပါယာ အရှင်သခင်တို့ကို ပညာရေးမျက်နှာစာမှ အန်တုဖက်ပြိုင်ကာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ ရှင်သန်လာစေရန် တစ်မျိုးသားလုံးကို နှိုးဆော်ခဲ့ခြင်းပင်ဖြစ်သည်။ နယ်ချဲ့တို့၏ ပညာရေးကို ကျွန်ပညာရေးဟု တစ်နိုင်ငံလုံးကို သိစေခဲ့ပြီး အမျိုးသားပညာရေးစနစ်ကိုပါ ထူထောင်ပြသခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့)တွင် ဆင်နွှဲခဲ့ကြသော တက္ကသိုလ်သပိတ်ကြီးသည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို တပ်လှန့်နှိုးဆော်ခဲ့သည့် အရေးတော်ပုံကြီးတစ်ရပ်ဟု ဆိုအပ်သည်။

၁၉၂၀ ပြည့်နှစ် တက္ကသိုလ်သပိတ်ကြီးကအစပြုကာ အနာဂတ်တွင် တောင်သူလယ်သမား၊ အလုပ်သမားတို့၏ တော်လှန်ရေးများ၊ အရေးတော်ပုံများ ဆင့်ကဲပေါ်ပေါက်လာပြီး နိုင်ငံ၏လွတ်လပ်ရေးဆီသို့ ဦးတည်ချီတက်နိုင်ခဲ့ကြခြင်း ဖြစ်သည့်အလျောက် အမျိုးသားရေးစိတ်ဓာတ်ကို ပြန်လည်ဖော်ဆောင်ပေးနိုင်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့အဖြစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

သတိပြုအပ်သည်မှာ အမျိုးသားရေးစိတ်ဓာတ်ကို လူမျိုးရေးအစွန်းရောက်ဝါဒနှင့်မရောထွေးဖို့ပင်ဖြစ်သည်။ မိမိနေထိုင်ရာ တိုင်းပြည်ကို ချစ်ရန်၊ မိမိတို့၏စာပေကို မြတ်နိုးရန်၊ မိမိတို့၏ဘာသာစကားကို လေးစားရန်အတွက် မိမိတို့၏ ဘိုးဘေး အမျိုးသားရေးခေါင်းဆောင်ကြီးများက တိုက်တွန်းညွှန်ပြခဲ့ကြခြင်းဖြစ်ပြီး စစ်မှန်သော၊ မွန်မြတ်သော အမျိုးသားရေး စိတ်ဓာတ်ဖြင့်သာ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝကို အရယူခဲ့ကြခြင်းဖြစ်သည်။ ယခုအခါ ၉၈ နှစ်ပြည့်မြောက်ပြီဖြစ်သည့် အမျိုးသားအောင်ပွဲနေ့အခါသမယတွင်မူ အမျိုးသားရေးစိတ်ဓာတ်ကို အရင်းတည်ကာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်ရေး၊ တိုင်းရင်း သားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးဟူသော မျက်မှောက်ကာလ သမိုင်းပေးတာဝန်များကို အမျိုးသားရေးတာဝန်များအဖြစ် ကျေပွန်အောင် ထမ်းဆောင်ကြရပါမည့်အကြောင်း။ ။



## သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့) ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း သာသနာရေး၊ ဝိနိစ္ဆယရေးနှင့် ပညာရေးဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးကြပြီး ဆဋ္ဌအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက် အကျိုးတော်ဆောင် ဆရာတော်က အတည်ပြုချက်ရယူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တောဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓု သုံးကြိမ် ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းကို မောင်အောင်နိုင်သူနှင့် မစုဆင့်နေနေတို့ နေ့ဆွမ်းကို ကျိုက္ကစံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတနှင့် တပည့်ဒါယကာ ဒါယိကာမများက ပဋ္ဌဝီသတိမ (၂၅) ကြိမ်မြောက် ဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**

## (၁၀၁) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၀၁) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် မဟာအောင်မြေရှိ ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များ၊ စေတိယင်္ဂဏ နာယက ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက် စာမ ဆရာတော်များ၊ နိဗဒ္ဓသံဃာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ စာလျှောက်မေးပွဲဝင်ရောက် ဖြေဆိုရန် ကြွရောက်တော်မူလာကြကုန်သော စာဖြေသံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် ဒေ့ပရိသတ်များ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်း ဆရာတော် ဘဒ္ဒန္တဂုဏသနထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဒေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် စာလျှောက်မေးပွဲ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးတင်ဦးက အဖွင့်မင်္ဂလာစကား လျှောက်ထားသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော် (သီးခြား) ဝိနည်းဓိုရ် ဗဟန်းမြို့နယ် ညောင်တုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသထံမှ ဩဝါဒကထာ နာကြားကြပြီး စာဖြေသံဃာတော်များက အာဂုံပြန်ဆိုကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို ၁၃၄၅ ခုနှစ် (၆၇) ကြိမ်မြောက် ကာလမှစ၍ တာဝန်ယူ ကျင်းပခဲ့ရာ ယခုအကြိမ် (၁၀၁)ကြိမ်မြောက်အထိ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

ယခင်အကြိမ် (၁၀၀)မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲတွင် သီးခြားစာချတန်းမှ သုံးပါးနှင့် သီးခြားစာသင်တန်းမှ လေးပါး စုစုပေါင်း သံဃာတော် ခုနစ်ပါး အောင်မြင်တော်မူခဲ့ပြီး ယခုနှစ် အကြိမ် (၁၀၁)ကြိမ်မြောက် စာလျှောက်မေးပွဲတွင် သီးခြား စာချတန်း၌ ၂၇ ပါး၊ သီးခြားစာသင်တန်း၌ ၁၂၉ ပါး စုစုပေါင်း ၁၅၆ ပါးတို့ စာရင်းပေးသွင်းထားကြပြီး ယနေ့မှစ၍ ဒီဇင်ဘာ ၇ ရက်အထိ ဖြေဆိုကြမည်ဖြစ် သည်။

ပရိယတ္တိသာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲစေရန် အဇာတသတ်မင်း၏ ပစ္စယာ နုဂ္ဂဟဖြင့် အရှင်မဟာကဿပမထေရ် အကြီးအမှူးပြုသည့် ရဟန္တာ ၅၀၀ တို့က ပထမသင်္ဂါယနာ တင်တော်မူခဲ့သည်မှအစပြု၍ သာသနာ့ဝန်ဆောင် သံဃာတော်များက စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြ၍ သာလျှင် ယခုအချိန်ထိ သာသနာတော် စည်ပင်ထွန်းကားပြန့်ပွားလျက်ရှိသည်ဟု မှတ်သားသိရှိရသည်။ **သတင်း - ကိုကိုဇော် ဓာတ်ပုံ - ဇော်မင်းလတ်**

## သာယာဝတီမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**သာယာဝတီ ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု တောင်သူဒေါ်ကြူကြူဝင်း၏ ဒဂုန်-၂ မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧက၌ နိုဝင်ဘာ ၂၇ ရက်က မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးနှင့် ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် ခရိုင်ဦးစီးမှူး ဒေါ်တင်မြလွင်က မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆက်လက်ဆောင်ရွက်မည့်အချက်များကို တောင်သူများအား အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး မျိုးစေ့ထုတ် ၁၀ ဧကမှ ၀ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း ၁၀၂ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သန့်ဇော်(ခရိုင်ပြန်/ဆက်)**

✤ *ရှေ့ဖုံးမှ*

နိုးကြားတက်ကြွလာအောင်နှင့် နယ်ချဲ့တို့၏ ကိုလိုနီပုံစံဖိနှိပ်ရေးမူဝါဒများကို ဆန့်ကျင်လာအောင် လှုံ့ဆော်ပေးနိုင်ခဲ့သည့် အရေးတော်ပုံကြီး ဖြစ်လာခဲ့ပါသည်။ ဤအရေးတော်ပုံကိုအစပြုပြီး မြန်မာလူထုသည် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွလာမှုကြောင့် နိုင်ငံလွတ်လပ်ရေးရသည်အထိ စွမ်းဆောင်နိုင်ခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် ယူနီဗာစီတီအက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကျောင်းသူ ကျောင်းသားများ သပိတ်မှောက်သည့်နေ့၊ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အောင်ပွဲရရှိစေရန် ဦးတည်ခဲ့သည့်နေ့ဖြစ်ခြင်းတို့ကြောင့် ၁၉၂၀ ခုနှစ် မန္တလေးမြို့တွင် ကျင်းပခဲ့သော နဝမအကြိမ်မြောက် ဂျီစီဘီအေကွန်ဖရင့်က အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ လွတ်လပ်ရေးရပြီးသည့်နောက်တွင်လည်း အမျိုးသားရေးစိတ်ဓာတ်နိုးကြားတက်ကြွစွာနှင့် လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲခဲ့ကြခြင်းကို အမှတ်ရဂုဏ်ပြုသည့်အနေဖြင့် အမျိုးသားအောင်ပွဲနေ့ဟု နှစ်စဉ် ဆက်လက်ကျင်းပခဲ့ပါသည်။

**စုပေါင်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်**

ယခုအခါသမယသည် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိစေရန် တိုင်းရင်းသားပြည်သူ ပြည်သားအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ကြိုးပမ်းအားထုတ်မှုဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးများကို ကျင်းပဆောင်ရွက်နေချိန် ဖြစ်ပါသည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းလာသည်နှင့် အမျှ တိုင်းရင်းသားအားလုံးအတွက် ညီညွတ်မှုတဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေး စိတ်ဓာတ်အရင်းခံပြီး စုပေါင်းအင်အားဖြင့် ကြိုပမ်းဆောင်ရွက်နိုင်မှာဖြစ်ပါသည်။

**ကောင်းမွန်သည့်အမွေအနှစ်ကို လက်ဆင့်ကမ်းပေးနိုင်မှာဖြစ်**

အမျိုးသားရေးစိတ်ဓာတ်ကိုအရင်းခံပြီး လွတ်လပ်ရေးအရယူနိုင်ခဲ့သည့်အတွက် ယနေ့တွင် ကျွန်တော်တို့ ပြည်ထောင်စုဖွား တစ်မျိုးသားလုံးအနေဖြင့် အချုပ်အခြာအာဏာပိုင်သည့် ပြည်ထောင်စုကြီးအတွင်း လွတ်လွတ်လပ်လပ်၊ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေကြရခြင်း ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးနောက် ကျွန်တော်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေးခံယူချက် အမျိုးမျိုးကွဲပြားမှုများ၊ အချင်းချင်း သံသယထားရှိခဲ့မှုများကြောင့် ပြည်တွင်းပဋိပက္ခများ ကာလရှည်ဖြစ်ပေါ်ခဲ့ပြီး ယနေ့ထိ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ရစ်ခဲ့ရခြင်း ဖြစ်ပါသည်။ နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွန်တော်တို့ ပြည်ထောင်စုသားအားလုံးအနေဖြင့် သမိုင်းကြောင်းသင်ခန်းစာများ

- **လွတ်လပ်ရေးရပြီးနောက် ကျွန်တော်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေးခံယူချက် အမျိုးမျိုးကွဲပြားမှုများ၊ အချင်းချင်း သံသယထားရှိခဲ့မှုများကြောင့် ပြည်တွင်းပဋိပက္ခများ ကာလရှည်ဖြစ်ပေါ်ခဲ့ပြီး ယနေ့ထိ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ရစ်ခဲ့ရခြင်းဖြစ်**
- **နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွန်တော်တို့ ပြည်ထောင်စုသားအားလုံးအနေဖြင့် သမိုင်းကြောင်းသင်ခန်းစာများရယူပြီး လက်တွဲကြိုးပမ်း တည်ဆောက်ကြမှသာ ရည်မှန်းထားသည့်အတိုင်း မျိုးဆက်သစ်များအတွက် စည်းလုံးညီညွတ်ပြီး အေးချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအဖြစ် ကောင်းမွန်သည့်အမွေအနှစ်ကို လက်ဆင့်ကမ်းပေးနိုင်မှာဖြစ်**

ရယူပြီး လက်တွဲကြိုးပမ်း တည်ဆောက်ကြမှသာ ရည်မှန်းထားသည့်အတိုင်း မျိုးဆက်သစ်များအတွက် စည်းလုံးညီညွတ်ပြီး အေးချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအဖြစ် ကောင်းမွန်သည့်အမွေအနှစ်ကို လက်ဆင့်ကမ်းပေးနိုင်မှာဖြစ်ပါသည်။ ကျွန်တော်တို့ ပြည်ထောင်စုတိုင်းရင်းသား တစ်မျိုးသားလုံးက ဤအမျိုးသားရေးတာဝန်ကြီးကို အမျိုးသားရေးစိတ်ဓာတ်များဖြင့် ဝိုင်းဝန်းထမ်းဆောင်ကြရန်ဖြစ်ပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှ လွတ်လပ်ရေးရသည်အထိ တစ်မျိုးသားလုံး ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံး အတူလက်တွဲ တိုက်ပွဲဝင်ခဲ့ကြသလို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးကိုလည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် သန္နိဋ္ဌာန်ချပြီး ကြိုးစားကြပါက အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်ပါသည်။

သို့ပါ၍ ယနေ့ကျရောက်သော အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ ဖြစ်သည့်-

- ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်ရေး
- တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

တို့ကို ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူပြည်သားအားလုံးက ဦးထိပ်ထားလျက် ကျွန်တော်တို့၏ အမိနိုင်ငံတော်ကြီးကို ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် ပေါ်ထွန်းလာအောင် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ယနေ့ကျရောက်သည့် အမျိုးသားအောင်ပွဲနေ့ အခါသမယတွင် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့၌ တွေ့ဆုံ၍ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းတံတား ဖောက်လုပ်မှုလုပ်ငန်းများနှင့် တန်ဖိုးနည်းအိမ်ရာ တည်ဆောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။



**ညှိနှိုင်းဖြည့်ဆည်းပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာ၌ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောက်လုပ်သည့် တန်ဖိုးနည်းအိမ်ရာ အလုံး ၁၀၀ ကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** ဒေသခံတိုင်းရင်းသားများအား နေရာချထားပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ထံ လွှဲပြောင်းပေးအပ်၍ ဒေသခံများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် မောင်တော-ဝေသာလီ - ဥဒေါင်း ကွန်ကရစ်လမ်း(၁၃/၀)မိုင်နှင့် အေးရှားဝေါလ်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည့် အင္ဂူမော် - အင်းဒင်-ကျောက်ပန္နူ - ဥဒေါင်း ကွန်ကရစ်လမ်းကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပထမ ၆ လပတ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ရွှေဇား - ပြင်ဖြူ ကွန်ကရစ်လမ်း (၁/၃)မိုင် ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာက လမ်းဖောက်လုပ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ပြင်ဖြူ - လုဖိုးခေါင် -ကျီးကန်းပြင် ကျောက်ချောလမ်း ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘူးသီးတောင် - တောင်ပဇာလမ်းပိုင်း ရေရှည် တည်တံ့ခိုင်မြဲရန်အတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ဘူးသီးတောင်မြို့နယ် တောင်ပဇာကျေးရွာရှိ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသည့် တန်ဖိုးနည်းအိမ်ရာ ၆၃ လုံးတွင် နေရာချထားပြီးသော မြို နှင့် သက် တိုင်းရင်းသားများကိုတွေ့ဆုံ၍ ဆိုလာမီးများ ထောက်ပံ့ပေးအပ်ကာ ၎င်းတို့၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့နယ် ပလ္လင်ပြင် - အောင်ဒိုင် - ကျက်တောပြင် ကွန်ကရစ်လမ်း(၃/၁)မိုင်၊ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရွှေမင်းဂံလမ်းဆုံမှ ကံ့ကော်ကျွန်း - ရွာသစ်ကေ မြေသားလမ်း(၃/၁)မိုင် ဖောက်လုပ်မည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်း/တံတား၊ စိုက်ပျိုးရေ/သောက်သုံးရေ ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးဆိုင်ရာများ၊ ဆိုလာမီးများနှင့် တန်ဖိုးနည်းအိမ်ရာများ ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများအတွက် နေအိမ်ဆောက်လုပ်ပေးခြင်း လုပ်ငန်းများအနေဖြင့် မောင်တောမြို့နယ်ရှိ ရွှေဇာဟိုကျေးရွာတွင် နေအိမ်အလုံး ၅၀၊ ကျောက်ပန္နူကျေးရွာတွင် နေအိမ် အလုံး ၁၀၀၊ နန်းရာကိုင်းကျေးရွာတွင် နေအိမ်အလုံး ၅၀၊ ခုံတိုင်ကျေးရွာတွင် နေအိမ် ၁၈ လုံး၊ ဘူးသီးတောင်မြို့နယ်၌ တောင်ပဇာကျေးရွာတွင် နေအိမ် ၆၃ လုံး၊ ရသေ့တောင်မြို့နယ်၌ အဝတာကျေးရွာတွင် နေအိမ် ၄၆ လုံးတို့ကို နှစ်အလိုက် ဆောင်ရွက်ပေးခဲ့ပြီး လာမည့်ဘဏ္ဍာနှစ်များတွင် လိုအပ်ချက်ရှိသည့် ကျေးရွာများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် တပ်ကုန်းမြို့နယ်အတွင်းရှိ မွေးမြူရေးဇုန်နှင့် ခရိုင်ချင်းဆက်လမ်းသို့သွားရောက်၍ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ ကံကြီး မွေးမြူရေးဇုန်နှင့် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းမသို့ သွားရောက်၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ကံကြီးစက်မှုဇုန်အတွင်း မွေးမြူထားသည့် နို့စားနွားမွေးမြူထားမှု၊ အသားတိုးကြက်မွေးမြူထားမှုနှင့် ဆိတ်မွေးမြူထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးဇုန်တာဝန်ခံများက နို့စားနွားများမှ နို့ထွက်ရှိမှုနှုန်းထား၊ နို့ထုတ်စက်၊ အအေးခံစက်ထားရှိမှုအခြေအနေ၊ ဆိတ်၊ ကြက်မွေးမြူထားမှုအခြေအနေ၊ အသားထွက်နှုန်းနှင့် မွေးမြူရေးလုပ်ငန်းများ ထပ်မံတိုးချဲ့ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းပေါ်ရှိတံတားများတည်ဆောက်ထားရှိမှုနှင့် လမ်းကြံ့ခိုင်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **အောင်ကို(မြန်/ဆက်)**





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကတ္တမန္ဒူမြို့ရှိ ဓမ္မကရီသီး သီလရှင်ကျောင်းတိုက်တွင် သီလရှင် ဆရာကြီး ဒေါ်ဓမ္မဝတီနှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

❐ *ရှေ့စာမှ*

(၄၅) နိုင်ငံတို့မှ အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၅၀၀ ကျော် ပါဝင်တက်ရောက်ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နီပေါ-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ **Mr. Shanker Ghimire** နှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

**အဖွင့်မိန့်ခွန်း ပြောကြား**

အခမ်းအနားတွင် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ ဒုတိယသမ္မတ Hon. Maria Leonor G. Robredo နှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အာရှ-ပစိဖိတ်နိုင်ငံတို့မှ အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးကို "အပြန်အလှန်မှီခိုမှု၊ အကျိုးတူ သာယာဝပြောမှုနှင့် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများကို အလေးထားပြီး မျက်မှောက်ကာလမှာ မိမိတို့ ရင်ဆိုင်ကြုံတွေ့နေကြရတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းကြရေး" ဟူသည့်ခေါင်းစဉ်ဖြင့် နီပေါနိုင်ငံအစိုးရနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဖောင်ဒေးရှင်း (Universal Peace Foundation-UPF) တို့က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆွေးနွေး**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နီပေါ-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Shanker Ghimire၊ အကြံပေးပုဂ္ဂိုလ် Mr. Sushil Bikram Shahi နှင့် အသင်းဝင်များအား Soaltee Crowne Plaza Hotel ၌ လက်ခံတွေ့ဆုံပြီး နီပေါ-မြန်မာ နှစ်နိုင်ငံ ပြည်သူများအကြား အမြဲကောင်းမွန်သည့် ဆက်ဆံရေးကို ထိန်းသိမ်းပြီး ပိုမိုကောင်းမွန်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ဂါရဝပြု ဖူးမြော်ကန်တော့**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကတ္တမန္ဒူမြို့ရှိ ဓမ္မကရီသီး သီလရှင်ကျောင်းတိုက် (DHARMA KIRTI BIHAR) သို့ သွားရောက်ပြီး သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီအား ဂါရဝပြု ဖူးမြော်ကန်တော့သည်။

သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီသည် မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓစာပေကျမ်းဂန်များကို လေ့လာသင်ယူခဲ့ပြီး နီပေါနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဂုဏ်ပြုညစာစားပွဲ တက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများအား Bao Xuang Restaurant ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မလေးရှားနိုင်ငံရှိ ချင်းတိုင်းရင်းသား လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Le Meridien ဟိုတယ်၌ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ စီစဉ်ပေးမှုဖြင့် ချင်းတိုင်းရင်းသားလူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မလေးရှားနိုင်ငံတွင် တရားမဝင် ရောက်ရှိလုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား တိုင်းရင်းသားအလုပ်သမားများနှင့် မိသားစုဝင်များကို မလေးရှားနိုင်ငံ၏ ဥပဒေအရ အရေးယူခြင်း မခံရရေး၊ မိမိနိုင်ငံသို့ ပြန်လာလိုသူ မြန်မာနိုင်ငံသားများအနေဖြင့် သံအမတ်ကြီးနှင့် အလုပ်သမားသံအရာရှိများကို တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသားများ မိခင်နိုင်ငံသို့ ပြန်လာနိုင်ရေးကို အစဉ်လက်ကမ်းကြိုဆိုလျက်ရှိကြောင်း၊ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် အလုပ်သမားများ၏ အခွင့်အရေးနှင့် လူမှုကာကွယ်စောင့်ရှောက်မှုများကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် တရားဝင်သွားရောက် လုပ်ကိုင်ရန်လိုကြောင်း၊ အလုပ်သမားဝန်ကြီးဌာနရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ ရွှေ့ပြောင်းလုပ်သားများ ကူညီထောက်ပံ့ရေး ဗဟိုဌာနများတွင် ပွဲစားများ၏ လှည့်စားမှု မခံရရေးအတွက် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်မှုများကိုသိရှိပြီး ရွှေ့ပြောင်းသွားလာမှုများကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**





# ပန်းတဉ်းတန်းအရုဏ်တော်ဝတ်အသင်း ရွှေပြားသင်္ကန်းတော် တစ်ပိဿာ ၂၂ ကျပ်သား လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းတဉ်းတန်း အရုဏ်တော်ဝတ်အသင်းကြီးက ကြီးမှူး၍ (၇၇)ကြိမ်မြောက်အဖြစ် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဆက်ကပ်လှူဒါန်းပူဇော်သည့် ရွှေစင်-ရွှေသား၊ ရွှေပြားသင်္ကန်းတော်များ လှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၇ နာရီက ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် တော်ဝင်လမ်းထိပ်ရှိ ပန်းတဉ်းတန်း အရုဏ်တော်ဝတ်အသင်း ဓမ္မာရုံရှေ့ အလှူတော်မင်္ဂလာမဏ္ဍပ်၌ ပြုလုပ်ခဲ့သည်။

မင်္ဂလာချိန်၌ အသင်းဥက္ကဋ္ဌ ဦးဘသင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)**ပထမရက်အဖြစ် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ လှည့်လည်ပူဇော်ခံခဲ့သည်။

ဒီဇင်ဘာ ၂ ရက်တွင် စမ်းချောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံမည်ဖြစ်ပြီး အလှူတော်အောင်ပွဲအဖြစ် ဒီဇင်ဘာ ၄ ရက်မှ ၉ ရက်အထိ ထေရဝါဒတရားပွဲများကျင်းပ၍ ဒီဇင်ဘာ ၁၂ ရက် နံနက်တွင် ရေစက်ချ၍ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ထံ သွားရောက်အပ်နှံ လှူဒါန်းမည်ဖြစ်သည်။

ပန်းတဉ်းတန်းအရုဏ်တော် ဝတ်အသင်းကြီးက ကြီးမှူး၍ ယခုနှစ်တွင် ရဟန်းရှင်လူပြည်သူများ၏ လှူဒါန်းမှုမှ တစ်ပြားလျှင် အလေးချိန်တစ်ကျပ်သားစီရှိသော ရွှေပြားသင်္ကန်းတော်ပေါင်း ၁၂၂ ပြား၊ အလေးချိန်အားဖြင့် တစ်ပိဿာ ၂၂ ကျပ်သား၊ တန်ဖိုးငွေအားဖြင့် ငွေကျပ် ၉၈၈ သိန်းနှစ်သောင်း လှူဒါန်းပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

# မြန်မာ့ကုန်သွယ် စီးပွားပွဲတော် (၂၀၁၈) ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ရည်ရွက်ချက်ဖြင့် ကျင်းပသည့် "မြန်မာ့ကုန်သွယ်စီးပွားပွဲတော်(၂၀၁၈)" ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Yangon Convention Centre ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းတို့က တက်ရောက်၍ အမှာစကားပြောကြားကြသည်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း

"မြန်မာ့ကုန်သွယ်စီးပွားပွဲတော် (၂၀၁၈)"၌ **နိုင်ငံတော်၏ လက်ရှိနှင့် အနာဂတ်ကာလများအတွက် လူမှုစီးပွားဆိုင်ရာကိစ္စရပ်များ** ခေါင်းစဉ်ဖြင့် ပညာရှင် ၄၆ ဦး၏ ဆွေးနွေးပွဲများကို ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက စီးပွားရေးကုမ္ပဏီများ၊ တက္ကသိုလ်များ၊ အသင်းအဖွဲ့များမှ Professional Booth၊ Commercial Booth နှင့် Entertainment Booth များဖြင့် ပြခန်းပေါင်း ၁၀၀ ခန့်ကို ခင်းကျင်းပြသထားသည်။

"မြန်မာ့ကုန်သွယ်စီးပွားပွဲတော် (၂၀၁၈)"ကို စီးပွားရေးလုပ်ငန်းများတွင် ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းမူဘောင်များဖြင့် မျှတစွာနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊ အရည်အသွေးအရ တိုးတက်ကောင်းမွန်သော စီးပွားရေးဝန်းကျင်ဖြစ်ပေါ်ရန်၊ အဂတိလိုက်စားမှုကင်းစင်ခြင်းနှင့် အခွန်ဥပဒေများ ပိုမိုခေတ်မီ၍ တိုးတက်သည့် အခွန်ကောက်ခံသည့် မူဝါဒချမှတ်အကောင်အထည်ဖော်နိုင်ရန်၊ ခေတ်မီဆက်သွယ်ရေးနည်းဗျူဟာနှင့် အီလက်ထရွန်နစ်ကဲ့သို့ နည်းပညာများဖြင့် ပိုမိုတိုးမြှင့် ထိတွေ့ဆက်ဆံမှုတွင် ကျယ်ပြန့်စွာ နားလည်သိရှိနိုင်ရန်၊ အပြည်ပြည်ဆိုင်ရာစာရင်းစံများ လိုက်နာကျင့်သုံးမှု၊ အားလုံးပါဝင်သည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ရေရှည်ဖွံ့ဖြိုးရေးအတွက် အထောက်အကူကောင်းတစ်ရပ်ဖြစ်ရန်၊ နိုင်ငံလူမှုစီးပွားဖွံ့ဖြိုးမှု၏ မောင်းနှင်အားအခြေခံ နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် သမဝါယမကဏ္ဍတို့တွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖြစ်ထွန်းပေါ်ပေါက်ရန်နှင့် ခိုင်မာအားကောင်းပြီး ပွင့်လင်းမြင်သာသော ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲနိုင်ရန် စသည့်အခြေအနေကောင်းများတွင် တစ်စုံတစ်ခုသော အတိုင်းအတာထိ အကျိုးရလဒ်များရရှိရန် မျှော်မှန်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပွဲတော်ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီက ဦးဆောင်၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းနှင့် ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၅၇)ကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဒေါ်ဦးဇွန်း(ခ) သီလရှင်ဒေါ်သုမာလာနှင့် သတိုးသီရိသုဓမ္မာဘွဲ့ရ မြန်မာ့အလင်းဦးတင်တို့ တည်ထောင်ခဲ့သော နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ (၅၇)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် ညနေ ၆ နာရီက စည်ကားစွာကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းတို့က အမှာစကားပြောကြားကြပြီး တေးသံရှင်ဒေါ်နှင်းရည်သန့်က ရတုပိုဒ်စုံဖြင့် ဂုဏ်ပြုသီဆိုကာ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ဦးဝင်းဆွေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ **(အောက်ဝဲပုံ)**



၁၉၃၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကို ဒေါ်ဦးဇွန်း (T.P.S-ဘွဲ့ရ)က စတင်တည်ထောင်ခဲ့ပြီး ၁၉၄၃ ခုနှစ် မေ ၄ ရက်တွင် သတိုးသီရိသုဓမ္မာဘွဲ့ရ မြန်မာ့အလင်း ဦးတင်က ဆက်လက်တည်ထောင်ခဲ့ကြောင်း၊ ယနေ့တွင် နှစ်ပေါင်း ၈၅ နှစ်တိုင်ခဲ့ပြီ ဖြစ်ရာ ဘိုး ၄၉ ဦး၊ ဘွား ၁၁၈ ဦးဖြင့် အသက်(၇၁နှစ်)မှ အသက်(၁၀၀)နှင့် အထက်နှစ်ဦး အပါအဝင် စုစုပေါင်း ၁၆၇ ဦးကို ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ-သန်းစိုး**

❒ *ကျောဖုံးမှ*

အားလုံး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ပါဝင်ဆင်နွှဲကြတာ တွေ့ရတယ်။ ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်သလို အချင်းချင်းညီညွတ်ပြီး ကူညီရိုင်းပင်းလိုတဲ့ စိတ်တွေလည်း ပိုတိုးလာစေမှာဖြစ်ပါတယ်" ဟု ပြောသည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ၏ ဒုတိယနေ့ အစီအစဉ်အရ တိုင်းဒေသကြီးအတွင်း လေ့လာရေးခရီးစဉ်အဖြစ် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများ၊ JICA နှင့် JETRO တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီတို့မှ ခွင့်ပြုပေးထားသော ဟိုတယ်နှင့်အပန်းဖြေစခန်းများ၊ အိမ်ရာစီမံကိန်းများ၊ ငွေဆောင်အနီးရှိ ယုဇနပုစွန်မွေးမြူရေးနှင့် ငါးမွေးကန်တို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ပုသိမ်မြို့ရှိ စက်မှုဥယျာဉ်မြို့တော်သို့ သွားရောက်ကာ ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြကျွန်းသာအိမ်ရာစီမံကိန်း**(အောက်ပုံ)**ကို လည်းကောင်း သွားရောက်လေ့လာကြသည်။

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ အရင်းအမြစ်များ၊ စီမံကိန်းများနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များသိရှိပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက် ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး၊ ဓာတ်ပုံ-ဇေဇော်**



# ထာဝစဉ်မမေ့အပ်သင့်သော အမျိုးသားအောင်ပွဲနေ့

**မောင်သောင်းဝင်း (တမန်ဟောင်း)**

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် မားမားမတ်မတ် ရပ်တည်ခဲ့သည့် သမိုင်းအထောက်အထားများ ခိုင်လုံစွာရှိနေသည်။ မြန်မာ အစတကောင်းကဟု ဆိုရိုးစကားရှိခဲ့သည်။ လွန်ခဲ့သော ဘီစီ ၆၀၀ ခန့်က ဧရာဝတီမြစ်အရှေ့ဘက်ကပ်လျက်ရှိသော သပိတ်ကျင်း နေရာတစ်ဝိုက်တွင် တကောင်းမြို့ကို စတင်တည်ခဲ့သည်ဟု မှတ်သားဖူးပါသည်။ ထို့နောက် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းမြို့ ပြနိုင်ငံများကို ခံ့ညားထည်ဝါစွာ ထူထောင်နိုင်ခဲ့သည်။

ထို့အပြင် ထင်ရှားသော နိုင်ငံတော်ကြီးသုံးခုလည်း ပေါ်ထွန်းခဲ့ပြန်သည်။ အနော်ရထာမင်းကြီးသည် အေဒီ ၁၀၄၄ မှ ၁၀၇၇ အတွင်း ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ပြီး မြောက်ဘက်တွင် တရုတ်ပြည်၊ အရှေ့မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ တောင်ဘက်တွင် မလေးကျွန်းဆွယ် အထိကျယ်ပြန့်ခဲ့သည်။ ဒုတိယမြန်မာနိုင်ငံတော်ကြီးကိုမူ ဘုရင့်နောင်မင်းတရားကြီးက အေဒီ ၁၅၅၁ - ၁၅၈၁ ခုနှစ်တွင်လည်းကောင်း တည်ထောင်နိုင်ခဲ့ပြီး နိုင်ငံအကျယ်အဝန်းသည် ပထမမြန်မာနိုင်ငံတော်ထက်ကျယ်ဝန်းကာ ဇင်းမယ်၊ အယုဒ္ဓယနှင့် လင်းဇင်းနယ်တို့အထိ ပါဝင်ခဲ့သည်။ ထို့နောက် အလောင်းမင်းတရားကြီးသည် အေဒီ ၁၇၅၂ မှ ၁၇၆၀ ပြည့်နှစ်အတွင်း တတိယမြန်မာနိုင်ငံတော်ကြီးကို ကျယ်ပြောစွာ ထူထောင်ခဲ့သည်။

ထိုစဉ်က ကာကွယ်ရေးအင်အားကို ကျောထောက်နောက်ခံပြုလျက် သုံးကြိမ်တိုင်တိုင် စည်းလုံးညီညွတ်သော မြန်မာနိုင်ငံတော်ကြီးများအဖြစ် ခံ့ညားထည်ဝါစွာတည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုခေတ်ကာလများတွင် ဒေသတွင်းသာမက ကမ္ဘာ့အဆင့်အထိပါ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် ဂုဏ်ရှိန်ရောင်ဝါထွန်းပြောင်နိုင်ခဲ့သည်။ ကျူးကျော်စော်ကားလာသူများကိုလည်း စည်းလုံးညီညွတ်မှုစွမ်းအား၊ ကာကွယ်ရေးစွမ်းအားတို့ဖြင့် တိုက်ထုတ်နိုင်ခဲ့သည်။ ထိုနိုင်ငံကြီးများသည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော တပ်မတော်များ ဖွဲ့စည်းထူထောင်ခဲ့မှုကြောင့်သာ ခိုင်မာစွာရပ်တည်နိုင်ခဲ့သည်ဆိုသော သက်သေသာဓက သမိုင်းဖြစ်စဉ်များပင် ဖြစ်သည်။

**သူ့ကျွန်ဘဝကျရောက်ခဲ့**

သို့ရာတွင် အင်္ဂလိပ်နယ်ချဲ့တို့က ဘကြီးတော်ဘုရားလက်ထက် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင်တစ်ကြိမ်၊ သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ခေတ်မီစစ်လက်နက်များဖြင့် ကျူးကျော်စစ်သုံးကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ကြသည်။ ထို့ကြောင့် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ထီးကျိုးစည်ပေါက် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။ ထိုသို့ သူ့ကျွန်ဘဝ ကျရောက်ပြီးနောက် တိုင်းရင်းသားညီအစ်ကိုများသည် ရရာ လက်နက်စွဲကိုင်လျက်နယ်ချဲ့တို့အားတွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ မည်သို့ပင်အသက်ပေး တိုက်ခိုက်စေကာမူအားမတန်၍မာန်လျှော့ခဲ့ရသည်။ ၁၉၀၀ ပြည့်လွန်နှစ်များတွင် အမျိုးသားရေးစိတ်ဓာတ်အနည်းငယ်မှေးမှိန်သွားခဲ့ရသည်။ ထိုကာလများသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးအတွက် နယ်ချဲ့တို့၏ ညှဉ်းပန်းနှိပ်စက် ကုပ်သွေးစုပ်မှု ဒဏ်များကို ခါးစည်းခံခဲ့ရသည့် ပင်ပန်းကြမ်းတမ်းသောနေ့ရက်များပင်ဖြစ်သည်။

**ကျွန်သက်ရှည်ရန်ကြံစည်**

နယ်ချဲ့တို့၏အကောင်းဆုံးလက်နက်သည် ကိုလိုနီနိုင်ငံရှိ ပြည်သူများကို ပညာရည်အဆင့်အတန်း နိမ့်ပါးအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအား ကိုလိုနီတို့သိမ်းပိုက်ပြီးစအချိန်တွင် မြန်မာလူမျိုးတို့၏ စာတတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းခန့်ရှိခဲ့သည်။ သို့သော်နှစ်ပေါင်း ၃၅ နှစ်ခန့်ကြာပြီးနောက် စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းအထိသိသိသာသာကျဆင်းသွားသည်။ ထိုစဉ်ကမြန်မာနိုင်ငံတွင် သီးခြားတက္ကသိုလ်မရှိဘဲ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်လက်အောက်ခံ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်နှစ်ခုသာ ရှိခဲ့သည်။

ထို့အပြင် ဗြိတိသျှနယ်ချဲ့တို့သည် ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ပညာရေးစနစ်သစ် တက္ကသိုလ် အက်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုဥပဒေတွင် အဓိကအချက် ခြောက်ချက်ပါရှိသည်။ ထိုအချက် အားလုံးသည် မြန်မာကျောင်းသားများကို ကန့်သတ်ချုပ်ချယ်ပြီး အဆင့်အတန်းခွဲခြားထားသည်။ ကျွန်သက်ရှည်စေရန် ရည်ရွယ်ရေးဆွဲထားခြင်း ဖြစ်သည်။ ဆိုရလျှင် ထိုဥပဒေသည် ငွေကြေးတတ်နိုင်သူ လူနည်းစုကိုသာ တက္ကသိုလ်ပညာသင်ကြားခွင့်ရရှိစေပြီး ပညာထူးချွန်သော်လည်း ငွေကြေးမတတ်နိုင်သည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လက်လုပ်လက်စား အောက်ခြေ လူတန်းစားများ၏ သား၊ သမီးများကို ပညာဆက်လက်သင်ကြားခွင့်မရရှိနိုင်အောင် ချုပ်ချယ်ကန့်သတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အဆင့်အတန်းခွဲခြားထားသည့် ထိုဥပဒေကို ကောလိပ်ကျောင်းသားများ အပါအဝင် ပြည်သူအားလုံးက အပြင်းအထန် ကန့်ကွက်ခဲ့ကြသည်။ မည်သို့ပင်ကန့်ကွက်နေစေကာမူ မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ခရက်ဒေါက်က မြန်မာများသည် ပညာရေးအကြောင်းနားမလည်ဟုဆိုပြီး တောင်းဆိုချက်များကို လျစ်လျူရှုကာ ထိုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

**ကန့်ကွက်သပိတ်မှောက်**

ထို့ကြောင့် ကောလိပ်ကျောင်းသားများသည် ဒီဇင်ဘာလ



၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်အပြီးတွင် ဗဟန်းအမျိုးသားကောလိပ်ကို ဖွင့်လှစ်ခဲ့ရာ သင်ကြားပို့ချပေးသည့် ဆရာများနှင့် တက်ရောက်ခဲ့သည့် ကျောင်းသားများကို ဤသို့တွေ့ရသည်။

> **“အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့် လူမျိုးကိုချစ်ခင်သော စိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုသည့် စိတ်ဓာတ်ပင်ဖြစ် ”**

၂ ရက်နေ့တွင် ရွှေတိဂုံရင်ပြင်၌ တိုင်ပင်ဆွေးနွေးကြပြီး ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်နှစ်ခုစလုံးက သပိတ်မှောက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ ရွှေကျင်တိုက်ဆရာတော် ဦးအရိယကျောင်းတိုက်၌ ကျောင်းသားအစည်းအဝေးပွဲကြီး ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေး၌ ဒီဇင်ဘာလ ၇ ရက်နေ့တွင် တက္ကသိုလ်ကိုသပိတ်မှောက်ရန်၊ ပညာရေးဥပဒေပြုပြင်ပေးရေးအတွက် တောင်းဆိုသွားရန်နှင့် တောင်းဆိုချက်များ မပေးသမျှကာလပတ်လုံး ကျောင်းပြန်မတက်ရန်တို့ကို ဆုံးဖြတ်ခဲ့ကြသည်။

မူလက ဒီဇင်ဘာလ ၇ ရက်နေ့တွင် သပိတ်မှောက်ရန် စီစဉ်ထားသော်လည်း အခြေအနေ ပြောင်းလဲသွားသဖြင့် ဒီဇင်ဘာလ ၅ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့)တွင် ကျောင်းသားများ သပိတ်မှောက်ခဲ့ကြသည်။ ထိုစဉ်က ကျောင်းသားခေါင်းဆောင် ကိုဘဦး ကိုယ်တိုင်လက်မှတ်ထိုး၍ ကျောင်းသားကြေညာချက်ကို ဘုရင်ခံထံ ပေးပို့ခဲ့သည်။ ထိုကြေညာချက်သည် ရန်ကုန်တက္ကသိုလ် အက်ဥပဒေပါ အချက်များကို ကန့်ကွက်ထားသည့်စာဖြစ်သည်။ ဘုရင်ခံထံမှအကြောင်းပြန်ကြားခြင်းမပြုသဖြင့် ကျောင်းသားများသည် သပိတ်စခန်းတွင် အမျိုးသားကျောင်းများ တည်ထောင်ရန် ဂျီစီဘီအေခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်ခဲ့ကြသည်။ ထိုသပိတ်သည် ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံအား မတရားသိမ်းပိုက်ပြီးနောက် လွတ်လပ်ရေးအတွက် အမျိုးသားတော်လှန်ရေးကြီးကို စတင်လိုက်ခြင်းပင် ဖြစ်သည်။ထိုကျောင်းသားသပိတ်သည်တစ်နိုင်ငံလုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့သည်။ ထို့အပြင် ထိုသပိတ်ကို အခြေခံပြီးထွက်ပေါ်လာသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရယူတည်ဆောက်ကာ လွတ်လပ်ရေးတိုက်ပွဲကိုလည်း အောင်မြင်အောင် ဆင်နွှဲနိုင်ခဲ့သည်။

**အမျိုးသားကျောင်းများပေါ်ထွန်းခဲ့**

ထိုစဉ်က တက္ကသိုလ်သပိတ်ကို တစ်နိုင်ငံလုံးကထောက်ခံခဲ့ကြသည်။ ထိုအက်ဥပဒေသည် တက္ကသိုလ်ကျောင်းသားများအပြင် တက္ကသိုလ်တက်မည့်ကျောင်းသားများကိုပါ ထိခိုက်သဖြင့် အထက်တန်းကျောင်းသားများကလည်း သပိတ်မှောက်ခဲ့ကြသည်။ ထို့နောက် တက္ကသိုလ်ကို ရာသက်ပန်သပိတ်မှောက်ရန်ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေကျင်ကျောင်းတိုက်ကြီးတွင် အမျိုးသားကောလိပ်ကို ဖွင့်လှစ်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ အောင်မြင်မှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာခဲ့သည်။

**လွတ်လပ်ရေးအတွက်ရောင်ခြည်သမ်း**

မည်သို့ပင်ဆိုစေကာမူ ၁၉၂၀ ပြည့်နှစ်ကျောင်းသားသပိတ်ကြောင့် ပညာရေးအမြတ်များပေါ် ထွက်လာခဲ့သည်။ ထို့အပြင် ပြည်သူလူထုအတွင်း၌ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားစိတ်ဓာတ်များ တစ်ဟုန်ထိုးပေါ်ပေါက်လာခဲ့သည်။ထို့ကြောင့် ကျောင်းသားသပိတ်သည် မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တော်လှန်ရေးအောင်ပွဲဟုလည်း ဆိုနိုင်ပေသည်။ ထိုသပိတ်ကြီးက မွေးထုတ်ပေးလိုက်သော အမျိုးသားအောင်ပွဲနေ့စိတ်ဓာတ်ကြောင့် နယ်ချဲ့ဆန့်ကျင်ရေးကို အတိအလင်းဖော်ပြသည့် တောင်သူလယ်သမား၊ အလုပ်သမားသပိတ်များနှင့် ၁၃၀၀ ပြည့် အရေးတော်ပုံများ ဆက်တိုက်ပေါ်ထွက်ခဲ့သည်။

ထို့နောက် မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော တိုင်းရင်းသားသူရဲကောင်းများသည် ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့တို့အား နည်းလမ်းပေါင်းစုံဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားများအကြား မျိုးချစ် စိတ်ဓာတ်နိုးကြားလာသဖြင့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း စသည့်အဖွဲ့အစည်းများ ဖွဲ့စည်း၍ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများ အရှိန်မြှင့်တင် လှုပ်ရှားဆောင်ရွက်လာခဲ့ရာ မြန်မာ့လွတ်လပ်ရေးအတွက် ရောင်ခြည်သမ်းလာခဲ့ပါသည်။

**အမျိုးသားအောင်ပွဲနေ့**

၁၉၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးမြို့၌ ကျင်းပသည့် ဂျီစီဘီအေပြည်လုံးကျွတ်ညီလာခံကြီး၌ အမျိုးသားနေ့သတ်မှတ်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ထိုညီလာခံတွင် တချို့က သီပေါဘုရင် ပါတော်မူသော တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ကိုအကြံပေးခဲ့ကြသည်။ တချို့က ဦးဥတ္တမအဖမ်းခံရသောနေ့ကို အကြံပေးကြသည်။ ၁၉၂၀ ပြည့်နှစ်သပိတ် ၁၁ ဦး ကော်မတီတွင်ပါဝင်ခဲ့သော ဦးမြင့် က နယ်ချဲ့ကို ပထမဆုံးတော်လှန် သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အကြံပြုခဲ့သည်။

ထို့နောက် ဂျီစီဘီအေအသင်းကြီးသည် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ပြုလုပ်သည့် အထူး အစည်းအဝေးကြီး၌ ကောလိပ်ကျောင်းသားများက ရန်ကုန် တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့ (National Day) အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်စဉ် ထိုနေ့ထိုရက်ရောက်ရှိလျှင် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများ ကျင်းပလာခဲ့သည်။ ထို့ကြောင့် ၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် လွတ်လပ်ရေးအတွက် သန္ဓေတည်ပေးခဲ့သော သမိုင်းဝင်(၉၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခါသမယပင် ဖြစ်သည်။

**အမျိုးသားရေးစိတ်ဓာတ်သည်သာလျှင်**

ဆိုရလျှင် အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့် လူမျိုးကိုချစ်ခင်သောစိတ်ဓာတ်ပင် ဖြစ်သည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကိုထာဝစဉ်သယ်ပိုးသွားလိုသည့်စိတ်ဓာတ်ပင်ဖြစ်ပေသည်။ အမှန်စင်စစ်မှာမူ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ဆိုးတူကောင်းဖက် လက်တွဲနေထိုင်လာခဲ့ကြသည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင် ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များသည် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်တမျှအရေးပါလှသော ထိုစိတ်ဓာတ်မျိုးကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။

လက်ရှိအချိန်တွင် တိုင်းရင်းသားအားလုံး လိုလားတောင့်တနေသော အန္တိမဆန္ဒသည် ထာဝရငြိမ်းချမ်းရေးပင် ဖြစ်သည်။ ထိုသို့ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အမျိုးသားရေးစိတ်ဓာတ်သည် များစွာအရေးပါလျက်ရှိသည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားညီအစ်ကိုများသည် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သည့် ဘိုးဘွားမိဘများကဲ့သို့ ရင်ထဲအသည်းထဲ၌ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်တို့သာကိန်းအောင်းနေမည်ဆိုလျှင် တိုင်းပြည်အတွင်း၌ ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်ဖော်ဆောင်နိုင်မည်ဟု ရိုးသားခိုင်မာစွာ ယုံကြည်မိပါသည်။

ထို့နည်းတူစွာတိုင်းရင်းအားလုံးလိုလားတောင့်တနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကိုလည်း မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ အတူတကွ နေထိုင်သွားမည်၊ ပြည်ထောင်စုကြီးအတွင်းမှ မည်သည့်အခါမျှခွဲထွက်သွားမည်မဟုတ်ဆိုသော ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်စစ်စစ်ဖြင့်သာ တည်ဆောက်သွားမည်ဆိုလျှင် မဝေးတော့သည့် အနာဂတ်တွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

ဆိုရလျှင် တိုင်းရင်းသားညီအစ်ကိုများသည် နယ်ချဲ့လက်အောက်ရောက်ခဲ့သည့်တိုင်အောင် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံကာလွတ်လပ်ရေးရရှိသည်အထိ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့လွတ်လပ်ရေးအတွက် အရေးပါသည့် အမျိုးသားအောင်ပွဲနေ့၏အနှစ်သာရကို မျိုးဆက်သစ်လူငယ်များအကြား အမှတ်ထင်ထင်ရှိနေရန်လည်း လိုအပ်ပေသည်။

သို့မှသာလျှင် မိမိတိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်နှင့်အချုပ်အခြာအာဏာ၏အရေးပါမှုတို့ကို တန်ဖိုးထားတတ်လာနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မျိုးဆက်သစ်တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်တက်ကြွလာစေရန်နှင့် လွတ်လပ်ရေးအတွက် သန္ဓေတည်ပေးခဲ့သော အမျိုးသားအောင်ပွဲနေ့ကို ထာဝစဉ်သတိရ တန်ဖိုးထားသွားစေလိုပါကြောင်း ဆန္ဒပြုရင်း (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၄၄/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)**

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများကို ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

(၁) ဒေါ်ညွန့်ညွန့်ဌေး — လူမှုရေးဝန်ကြီးဌာန
(၂) ဒေါက်တာစောညိုဝင်း — သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## အလယ်ပိုင်းဒေသများ ညအပူချိန် လျော့နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ဒါရိုက်တာဘုတ်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

**မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ဒါရိုက်တာဘုတ်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Sky Star ဟိုတယ်၌ ကျင်းပသည်။**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ဒါရိုက်တာဘုတ်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

**လျော်ညီသော ဥပဒေများချမှတ်**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ၂၀၁၅ ခုနှစ်တွင် ပေါ်ပေါက်သည့် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဥပဒေနှင့် ဆက်စပ်၍ မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ရုပ်သံဥပဒေတွင် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရုပ်သံကောင်စီနှင့် ရုပ်သံလုပ်ငန်းလုပ်ကိုင်သူများ အသင်းအဖွဲ့တစ်ခု ဖွဲ့စည်းရန် ပါဝင်ပါကြောင်း၊ ၂၀၁၅ ခုနှစ်နှင့် ထိုကာလမတိုင်မီကရှိသည့် အနေအထားများကို သဘာဝကျကျ စဉ်းစားဆောင်ရွက်ခဲ့သည်ဟု မြင်ပါကြောင်း၊ သို့သော် မူလစဉ်းစား ဆောင်ရွက်ခဲ့သည်များနှင့် ပြောင်းလဲလာသည့် အခြေအနေများအပေါ်မူတည်၍ လိုအပ်လာသည့်အတွက် လျော်ညီသော ဥပဒေများကို ချမှတ်ဆောင်ရွက်ရသည်များ ရှိပါကြောင်း။

**ရုပ်သံဥပဒေ ပြန်လည်ပြင်ဆင်နိုင်ခဲ့**

ထိုကဲ့သို့ ဥပဒေများကို ကျင့်သုံးဆောင်ရွက်ရင်း အခြားပေါ်ပေါက်လာသည့် အနေအထားအသစ်များနှင့် လျော်ညီစွာ ဥပဒေများကို ပြန်လည်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ တစ်ခါတစ်ရံ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ရပါကြောင်း၊ ရုပ်သံဥပဒေ ပြန်လည်ပြင်ဆင်နိုင်ခဲ့ပြီး ဆက်စပ်သည့် နည်းဥပဒေကို ရေးဆွဲနေဆဲဖြစ်ပါကြောင်း၊ ရုပ်သံနည်းဥပဒေ ပြဋ္ဌာန်းပြီးပါက ရုပ်သံကောင်စီဖွဲ့စည်း၍ ကောင်စီ၏ လုပ်ငန်းများ လည်ပတ်မည်ဖြစ်ကာ မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းနှင့် ချိတ်ဆက်မည်ဖြစ်ပါကြောင်း။

**မည်သည့်ပုံစံ ဆောင်ရွက်မည်ကို စဉ်းစား**

ရုပ်သံထုတ်လွှင့်သူများ၊ လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အသင်းအဖွဲ့တစ်ခုရှိသင့်သည်ဟု လက်ခံယုံကြည်ပါကြောင်း၊ ယနေ့တွင် အသင်း၏ အလုပ်များ ပိုမိုသွက်လက်စွာ လုပ်ကိုင်နိုင်ရန် စည်းမျဉ်းအချို့ပြင်ဆင်မည်ကို တွေ့ရပါကြောင်း၊ နည်းဥပဒေထွက်လာပါက ရုပ်သံကောင်စီပေါ်ပေါက်လာပြီး အနေအထားပြောင်းလဲမှုများ အပေါ်တွင် မူတည်၍ အသင်းကို မည်သည့်ပုံစံဖြင့် ဆက်လက်ဆောင်ရွက်မည်ကို စဉ်းစားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများ အသင်း၏ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများနှင့် ဖွဲ့စည်းခြင်းဆိုင်ရာ အသင်းအဖွဲ့စည်းမျဉ်း ပြင်ဆင်ချက်များကို အတည်ပြုခြင်း၊ လက်ရှိ ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်**

ထို့နောက် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်ခြင်းကို ဆောင်ရွက်ရာ ဒုတိယသက်တမ်း သုံးနှစ်တာကာလအတွက် ဥက္ကဋ္ဌအဖြစ် ရွှေသံလွင်မီဒီယာဂရု(ပ်)မှ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌအဖြစ် Forever Group ကုမ္ပဏီလီမိတက်မှ ဦးခင်မောင်ဌေး၊ အထွေထွေအတွင်းရေးမှူးအဖြစ် Myanmar International Television (MITV) မှ ဦးဇော်သက်မောင် အပါအဝင် ဒါရိုက်တာအဖွဲ့ဝင် ၁၆ ဦးတို့ကို ရွေးချယ်အတည်ပြုခဲ့သည်။

ယင်းနောက် အသစ်ရွေးချယ်တင်မြှောက်ခြင်းခံရသော မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းဥက္ကဋ္ဌ ဦးကိုကိုက နှုတ်ခွန်းဆက်စကားပြောကြားပြီး သဘာပတိအဖြစ် ဆောင်ရွက်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းမှ အသင်းသူ၊ အသင်းသားများ၊ ရုပ်သံလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များ၊ ရုပ်သံလုပ်ငန်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရုပ်သံလုပ်ငန်း လုပ်ကိုင်နေကြသည့် အသင်းဝင်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင် ၁၆၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဇာတ်ညွှန်းအခန်းကဏ္ဍတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁**

ဇာတ်ညွှန်းအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ ဆွေးနွေးပွဲများကျင်းပလျက်ရှိရာ ရုပ်ရှင်ဇာတ်ညွှန်းနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဇာတ်ညွှန်းရေးသူနှင့် ဒါရိုက်တာများဖြစ်ကြသည့် ဒါရိုက်တာ ဏကြီး၊ ဇော်ဇော်(Ad.leono) နှင့် Lမင်းပြည့်မွန်တို့က “ဇာတ်ညွှန်းနှင့် စိန်ခေါ်မှုများ-(၁)” ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။ **(ယာပုံ)**

ဦးဆောင်ဆွေးနွေးသူ L မင်းပြည့်မွန်က “ဒီတစ်ပတ် ‘မိ’ ဇာတ်ကားရုံတင်ချိန်မှာ ပရိသတ်စိတ်ဝင်စားမှုများတယ်။ ဒါရိုက်တာ ဏကြီး ကိုယ်တိုင်လည်း ဇာတ်ညွှန်းရေးတယ်။ ဒါရိုက်တာလည်း ဖြစ်တယ်ဆိုတော့ ဖိတ်ခေါ်ဆွေးနွေး ဖြစ်တာပါ။ ‘မိ’ ဇာတ်ကားရဲ့ ဇာတ်ညွှန်းပိုင်းကို အဓိကထား ဆွေးနွေးတာပါ”ဟု ဆိုသည်။

ဇာတ်ညွှန်းရေးသူ ဇော်ဇော်(Ad.leono) က မျက်မှောက်ကာလတွင် ရုပ်ရှင်ဇာတ်ကားများပုံစံသစ်၊ ဒါရိုက်တာအသစ်များဖြင့် ရိုက်ကူးလာကြခြင်းကြောင့် ဇာတ်ညွှန်းရေးဆရာအသစ်များအနေဖြင့် အဆိုပါလုပ်ငန်းသည် ရပ်တည်မှု ပိုမိုခိုင်မာနိုင်ကြောင်း သိရှိလာကာ ထိုမှတစ်ဆင့် ဇာတ်ညွှန်းကဏ္ဍ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဒါရိုက်တာ ဏကြီးကလည်း “ဇာတ်ညွှန်းကို ဘယ်လိုတည်ဆောက်မလဲ၊ ဝတ္ထုကနေ ဇာတ်ညွှန်းအဖြစ် ပြောင်းလဲတဲ့အခါမှာ ဘယ်လိုစိန်ခေါ်မှုတွေ ရင်ဆိုင်ရသလဲဆိုတာ ကျွန်တော်သိသလောက် မျှဝေဆွေးနွေးတာပါ။ ပြီးခဲ့တဲ့နှစ်ပိုင်းကစပြီး ဇာတ်ညွှန်းကဏ္ဍအတွက် တိုးတက်ပြောင်းလဲမှုတွေ အများကြီးတွေ့လာရတယ်။ တကယ်ကောင်းတဲ့ ဝတ္ထုတွေဝယ်လာကြပြီး ဇာတ်ညွှန်းရေးတဲ့အချိန်မှာ သေသေချာချာ ရေးလာကြတယ်။ ဒါ့ကြောင့် ဇာတ်ညွှန်းကဏ္ဍက အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်လာတယ်”ဟု ပြောသည်။

“ဇာတ်ညွှန်း ဇာတ်လမ်းရေးတဲ့သူတွေကို အကြံပြုချင်တာက ရုပ်ရှင်များများ ကြည့်ပါ။ စစချင်း စိတ်ထဲက ဇာတ်လမ်းကို အပြီးထိအောင် လက်တွေ့ချရေးလိုက်ပါ။ အွန်လိုင်းကလည်း အလွယ်တကူ လေ့လာနိုင်တယ်။ အလေ့အကျင့်များမှ ကောင်းမှာ ဖြစ်ပါတယ်”ဟု ဒါရိုက်တာဏကြီးက အကြံပြုသည်။

အဆိုပါ ဇာတ်ညွှန်းအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများကို နှစ်ပတ်ခြားတစ်ခါ စနေနေ့တိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စန္ဒီ၊ ဓာတ်ပုံ-မွန်းဦးနဒီ**

# သူတို့လို လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ရတဲ့အချိန်တွေ ကုန်ကျစရိတ်တွေက သူတို့နီးပါးလောက်ဖြစ်လာလို့ရှိရင် ကျွန်တော်တို့ရဲ့ နိုင်ငံက သူတို့နီးပါး စီးပွားရေးလုပ်လို့ကောင်းတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်မှာပါ

ဦးဇေယျာသူရမွန်(အလုပ်အမှုဆောင်၊ ကုန်သည်/စက်မှု အသင်းချုပ်)

## ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**"ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ အပိုင်း(၂) ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) အထွေထွေမန်နေဂျာ ဦးတင်အောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင် ဦးဇေယျာသူရမွန်တို့က ပါဝင်ဆွေးနွေးကြသည်။** (အောက်ပုံ)

**အစီအစဉ်မှူး။ ။ မီးပြတ်တောက်တာတွေနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်နေမှု အခြေအနေတွေ၊ မီးမရရှိသေးတဲ့ အိမ်ထောင်စုတွေကို မီးပေးနိုင်ဖို့ ဆောင်ရွက်နေမှု အခြေအနေတွေ၊ လက်ရှိမှာ မီးရရှိမှုအခြေအနေတွေနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းပေးစေလိုပါတယ်။**

**ဦးတင်အောင်။** ။ မီးပြတ်တောက်တာကို ဆောင်ရွက်မှုနဲ့ ပတ်သက်လို့ ပထမပိုင်းမှာ ပြောခဲ့သလို လျှပ်စစ်ဓာတ်အား လွယ်လွယ်ကူကူရရှိတဲ့ စံနှုန်းကို ကမ္ဘာ့ဘဏ်ရဲ့ စစ်တမ်းမြို့အနေနဲ့ ရန်ကုန်ဧရိယာကို သတ်မှတ်ပြီးတော့ လုပ်ပါတယ်။ လုပ်တဲ့အတွက်ကြောင့် ဒီစကားဝိုင်းမှာ အဓိက အလေးပေး ပြောချင်တာက ရန်ကုန်ဧရိယာကိုပဲ အလေးပေးပြောခွင့်ပြုပါ။ သူစစ်တမ်းလုပ်ထားတာက ရန်ကုန်ဖြစ်တဲ့အတွက် လက်ရှိတာဝန်ထမ်းဆောင်နေတာလည်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဆိုတဲ့အတွက် ရန်ကုန်ကိုပဲ ဦးစားပေးပြီးတော့ ဥပမာနဲ့ ပြောပြခွင့်ပြုပါ။

**ပြတ်တောက်ချိန်လျှော့ချပေး**

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဆိုတာ ကျွန်တော်တို့က Indicator ထဲမှာ အဓိက အချက်ကြီးတစ်ချက်အနေနဲ့ ပါဝင်ပါတယ်။ ပြတ်တောက်တဲ့ အကြိမ်အရေအတွက် လျှော့ချပေးဖို့၊ နောက်တစ်ခါ ပြတ်တောက်ချိန်လျှော့ချပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်တာနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် နံပါတ်တစ် ပြတ်တဲ့ အကြိမ်ရေလျှော့ချင်ရင် မပြတ်အောင်လုပ်ရတာပါ။ မပြတ်အောင်လုပ်ဖို့ကို အဓိက လုပ်ပါတယ်။

ပထမရန်ကုန်ဧရိယာထဲမှာရှိတဲ့ အရင်သုံးခဲ့တဲ့ ကြေးနီကြိုးတွေသုံးထားတဲ့ နေရာတွေမှာ Insulated ဝိုင်ယာကြိုးတွေလည်း လဲတယ်။ ဘာကြောင့်လဲတာလဲ ပြောရရင် ကြေးနီဝိုင်ယာတွေက Insulated မပါတဲ့အတွက် သစ်ပင်၊ သစ်ကိုင်းတွေနဲ့ ထိတယ်။ အရင်သုံးထားတဲ့ ဝိုင်ယာကြိုးတွေဖြစ်တဲ့အတွက် ကြိုးအရွယ်တွေက သေးတယ်။ ယခု လက်ရှိအခြေအနေမှာ ရန်ကုန်မြို့ရဲ့ဝန်အားတွေက အဆမတန် များပြားလာတယ်။ မူလကြိုးက သေးတဲ့အတွက် ကြိုးတွေခဏခဏ ပြတ်ကျတယ်။ ပြတ်ကျတဲ့ကြိုးတွေအပေါ် သစ်ကိုင်းတွေက ထိတယ်။

**မိုင် ၂၀၀ လောက် လဲပြီး**

အဲဒီအခါမှာ ရှော့ဖြစ်ပြီး ကြိုးတွေ ပြတ်ကျတယ်။ ကြိုးပြတ်ကျတာနဲ့ တွဲပြီးတော့ ကြိုးပြတ်ကျတာဟာ တစ်နည်းအားဖြင့် လျှပ်စစ်ဓာတ်အားပြတ်သွားတာ ဖြစ်ပါတယ်။ ကြိုးပြတ်ကျရင် အလိုအလျောက် Protection System ပြတ်သွားတာရှိသလို မပြတ်သွားရင်လည်း ပိတ်ပစ်ရတယ်။ ပိတ်ပစ်လိုက်ရင် မီးပြတ်ပါတယ်။ Protection စနစ်က ဖြတ်ပစ်လိုက်ရင်လည်း မီးပြတ်တာပဲ၊ မီးမပြတ်တောက်ချင်ရင် ကြေးနီဝိုင်ယာတွေနေရာမှာ Insulated ကြိုးတွေနဲ့ အစားထိုးမယ်။ အစားထိုးပြီးရင် ရန်ကုန်တစ်မြို့လုံးမှာ မိုင် ၂၀၀ လောက် လဲပြီးပြီ။

ရန်ကုန်တိုင်းတစ်တိုင်းလုံး ပမာဏအားဖြင့် လဲဖို့ဆိုရင် စုစုပေါင်း မိုင် ၆၀၀၀ လောက်ရှိတယ်။ ဒါပေမယ့် လတ်တလော မလဲနိုင်သေးပါဘူး။ အခုဆိုရင် မိုင် ၂၀၀ လောက် လဲပြီးပြီ။ အခု မိုင် ၅၀၀ လဲဖို့ လုပ်ထားပါတယ်။ တင်ဒါခေါ်ပြီးပြီ။



ပစ္စည်းတွေ ရောက်လာရင် မိုင် ၅၀၀ ထပ်လဲမယ်။ ဒီနှစ် ဘတ်ဂျက်ထဲမှာဖြစ်ပါတယ်။ လာမယ့်နှစ်တွေမှာလည်း ဒီလိုပဲဆက်ပြီးတော့ လဲမှာဖြစ်ပါတယ်။

နောက်ပိုင်း တဖြည်းဖြည်းနဲ့ ရန်ကုန်ဧရိယာတစ်ခုလုံးမှာ Insulated ကြိုးတွေနဲ့ ဖြစ်သွားမယ်ဆိုရင် ခတ်လိုက်မှုအန္တရာယ်တွေ လျှော့ချသွားနိုင်မယ်။ သစ်ပင်သစ်ကိုင်းနဲ့ ထိပြီးတော့ အန္တရာယ်ဖြစ်တာတွေ လျော့ကျသွားမယ်။ မီးပြတ်ချိန်တွေ လျော့ကျသွားမယ်။

**Auto re-closer ၁၈ ခု တပ်ပြီး**

မီးပြတ်တဲ့အကြိမ်ရေ လျော့ကျသွားမယ့် လုပ်ငန်းစဉ်ကြီးတစ်ခု အပါအဝင် ဖြစ်ပါတယ်။ နောက်တစ်ခု မီးပြတ်ချိန်ကို လျှော့ချဖို့အတွက် Sectionalizer၊ Auto re-closer၊ fault passage Indicator တို့ တပ်နေပါတယ်။ ရန်ကုန်မှာ Auto re-closer အခုချိန်ထိဆိုရင် ၁၈ ခု တပ်ပြီးပါပြီ။ ဆက်လည်း တပ်ဦးမှာ ဖြစ်ပါတယ်။ Sectionalizer လေးခု တပ်ပြီးသွားပြီ။ ကျွန်တော်တို့ ESE ဘက်မှာဆိုရင်လည်း ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ အခုသုံးဆယ်လောက် တပ်ပြီးသွားပြီ။ ဆက်လည်း တပ်ဆင်နေမှာ ဖြစ်ပါတယ်။

သူ့ကို ဘာကြောင့်တပ်ရလဲဆိုရင် မီးပြတ်ချိန်လျှော့ချဖို့အတွက် တပ်ရပါတယ်။ မီးပြတ်သွားရင် Auto re-closer ဆိုတဲ့အတိုင်းပဲ ခဏတစ်ဖြုတ်သွားပြီးရင် သူ့အလိုလို ပြန်တင်ပေးတဲ့စနစ်ပါဝင်ပါတယ်။ အဲဒါကြောင့် မီးပြတ်တဲ့အချိန်ကို လျှော့ချပေးနိုင်ပါတယ်။ သူ့မှာ ဖုန်းတွေမှာ အသုံးပြုတဲ့ ပုံစံမျိုးဆင်းကတ်လေးတွေပါတယ်။

ဆင်းကတ်လေးတွေပါတဲ့အတွက် အဲဒီဆင်းကတ်ကနေ Transmit လုပ်လိုက်ရင် ထိန်းချုပ်တဲ့ မြို့နယ်လျှပ်စစ်ရုံးတို့၊ ခရိုင်လျှပ်စစ်ရုံးတို့၊ တိုင်းရုံးတို့မှာ ဘယ်နေရာမှာ မီးပြတ်သွားပြီ။ Over Current ကြောင့် ပြတ်သွားတယ်။ လက်ရှိ Current က ဘယ်လောက်စီးနေတယ်ဆိုတာ အချိန်နဲ့အမျှ ပို့နေတဲ့အတွက် ကျွန်တော်တို့က အချိန်ပိုင်းအတွင်းမှာ Real Time မှာ ဘယ်နေရာမှာတော့ Over Load ဖြစ်သွားပြီ၊ ဘယ်နေရာမှာတော့ ပြတ်သွားပြီဆိုတာသိရင် ထိန်းချုပ်နိုင်တယ်။

အဲဒီနေရာမှာ ပြတ်သွားတယ်ဆိုတာသိရင် လိုက်ကြည့်စရာမလိုဘဲ အဲဒီနေရာမှာ ပြတ်နေပြီ၊ သွားကြည့်တော့၊ သွားပြင်တော့ဆိုပြီး အချိန်တိုအတွင်းမှာ ပြင်နိုင်ပါတယ်။ Auto re-closer Function လည်း ပါတဲ့အတွက်ကြောင့် ပထမတစ်ကြိမ်ပြန်တင်မယ်။ ဒုတိယအကြိမ် ပြန်တင်မယ်။ တတိယအကြိမ်ကျရင် မတင်တော့ဘူး။ ဒါကတော့ Fault ကို Clear ဖြစ်ပြီးမှ လူက ပြန်တင်ဆိုတဲ့ အမိန့်ပေးမှ ပြန်တင်တော့မယ်။ ဒါမျိုးစနစ်တွေ ဖြစ်နေမယ်။ တပ်ထားတဲ့အတွက်ကြောင့် မီးပျက်ချိန်ကို လျှော့ချပေးနိုင်ပါတယ်။ ဒါက Auto re-closer ဖြစ်ပါတယ်။

Sectionalizer ဆိုတာလည်း မီးပျက်တဲ့အပိုင်းမှာ သူ့ Section အလိုက် ပိုင်းပေးနိုင်တယ်။ အရင်က လမ်းကြောင်းတစ်ခုလုံး မီးပျက်သွားပြီဆိုရင် အဲဒီရပ်ကွက်ကြီးတစ်ခုလုံးက မှောင်သွားနိုင်တယ်။ Sectionalizer တပ်ထားခြင်းအားဖြင့် ချွတ်ယွင်းမှုဖြစ်တဲ့ အပိုင်းလောက်ပဲ မီးပျက်သွားမယ်။ ကျန်တဲ့အပိုင်းက မီးပြန်လာနေမယ်။ မီးပျက်ချိန်ကို လျှော့ချပေးနိုင်မယ်။ ဒါဟာ မီးပြတ်တောက်မှုနဲ့ ပတ်သက်ပြီးတော့ ဘာလုပ်ထားသလဲဆိုတဲ့ မေးခွန်းကို ဖြေပေးတာဖြစ်ပါတယ်။

**မီးရရှိရေးဆောင်ရွက်နေ**

မီးရရှိမှုအခြေအနေက တစ်နိုင်ငံလုံးအနေနဲ့ ပြောရရင် တစ်နိုင်ငံလုံးမှာ အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၇၇ သန်းရှိတဲ့အနက်မှာ ၄ ဒသမ ၄၂၈ သန်းက မီးရသေးတယ်။ ၄၁ ဒသမ ၂ ရာခိုင်နှုန်းပဲ မီးရရှိပြီး ကျန်အိမ်ထောင်စုပေါင်း ၆ ဒသမ ၃၉၆ သန်းက လျှပ်စစ်ဓာတ်အား မရရှိသေးပါဘူး။ မီးလင်းရန်ကျန်ရှိတာက ၅၈ ဒသမ ၅ ရာခိုင်နှုန်းက အခုထိ မီးမရရှိသေးပါဘူး။ အဲဒါကို မီးရရှိရေးအတွက် ဆောင်ရွက်နေပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း National Electrification Plan ဆိုပြီးတော့ ချမှတ်ပြီးတော့ တစ်နိုင်ငံလုံးရဲ့ မီးရရှိရေးအတွက်ကို ကြိုးစားအားထုတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်တဲ့နေရာမှာ ပိုမိုအဆင်ပြေစေဖို့အတွက် ဘာတွေ တိုးတက်လုပ်ဆောင်ရမယ်လို့ မြင်ပါသလဲ။**

**ဦးဇေယျာသူရမွန်။** ။ စီးပွားရေး လုပ်ငန်းတွေ တိုးတက်အောင်လုပ်ဖို့ဆိုတာ စီးပွားရေးလုပ်ရတာ လွယ်လာလို့ရှိရင် စီးပွားရေးလုပ်ငန်းကြီးတိုးတက်လာမယ်။ လူတိုင်း လူတိုင်းလည်း စီးပွားရေးလုပ်ရတာ အဆင်ပြေလာမယ်။ သိပ်တော်တဲ့သူမှ စီးပွားရေးလုပ်တတ်မယ်၊ သာမန်လူက စီးပွားလုပ်ရတာ ခက်နေမယ်ဆိုရင် သူတို့က တိုးမပေါက်ပါဘူး။ အဲဒီ Indicator အချက် ၁၀ ခုက စီးပွားရေးလုပ်တဲ့အချိန်ကစပြီး စက်ရုံတွေ ဆောက်မယ်၊ လျှပ်စစ်မီးရမယ်၊ ငွေချေးမယ်၊ အရောင်းအဝယ်စာချုပ်ချုပ် စတဲ့ လုပ်ငန်းသိမ်းတဲ့အထိ တိုင်းတာတဲ့ဟာတွေပါတယ်။ မွေးဖွားတာကနေ သေဆုံးတဲ့အထိ တိုင်းတာထားတာ ဖြစ်ပါတယ်။

**နှစ်ပေါင်းများစွာ ရပ်တန့်ပြီးနေလာ**

အဲဒီထဲက အချက်တွေအားလုံးမှာ နိုင်ငံတကာနဲ့ယှဉ်ရင် ကျွန်တော်တို့က တစ်ရာပေးရင် လေးဆယ့်လေးမှတ်ရပါတယ်။ အဆင့်နဲ့ကြည့်ရင် ၁၇၁ ရတယ်။ အကောင်းဆုံးနိုင်ငံတွေက နယူးဇီလန်နိုင်ငံက အကောင်းဆုံး ၁၀၀ ပေးရင် ၈၀ ကျော်ရတယ်။ အဆင့် ၁ ရတယ်။ စင်ကာပူလည်းအတူတူပဲ။ ၈၀ ကျော်ရတဲ့အတွက် အဆင့် ၂ ရတယ်။ သူတို့လို လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ရတဲ့အချိန်တွေ ကုန်ကျစရိတ်တွေက သူတို့နီးပါးလောက်ဖြစ်လာလို့ရှိရင် ကျွန်တော်တို့ရဲ့နိုင်ငံက သူတို့နီးပါး စီးပွားရေးလုပ်လို့ကောင်းတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်မှာပါ။ ဒါပေမယ့် ကျွန်တော်တို့က မနက်ဖြန် အဲဒီနေရာကို ရောက်မလားဆိုတော့ မရောက်နိုင်ပါဘူး။ ကျွန်တော်တို့က နှစ်ပေါင်းများစွာ ရပ်တန့်ပြီးနေလာတယ်။ Regulation တွေကလည်း အများကြီးပြင်ရမယ်။

**ပြောင်းလဲတိုးတက်မှုတွေ မသိသေး**

အဲဒါတွေကို ဒုတိယဝန်ကြီး ဦးဆောင်ပြီးတော့ Indicators ခေါင်းဆောင်တွေကလည်း အားစိုက်ပြီးတော့ လုပ်နေပါတယ်။ ကျွန်တော့်အနေနဲ့ ပြောရရင် အစိုးရဘက်က လုပ်နိုင်သလောက် တော်တော်လေးလုပ်ထားပြီးပါပြီ။ အဲဒါကို စီးပွားရေး လုပ်ငန်းရှင်တွေက Utilize လုပ်ရမယ်။ ဥပမာအားဖြင့် ပါမစ်ဆိုရင် ဒေါ်လာ ၂၀၀ ကုန်ကျမယ် တစ်ပတ်ကြာမယ်။ တကယ်တော့ ၃ ရက်ပဲ ကြာတယ်။ ဒေါ်လာ ၅၀ ပဲကုန်ကျမယ်။ ဒါပေမယ့် Agent ကိုပေးလိုက်တဲ့အခါကျတော့ ဒေါ်လာ ၂၀၀ ပဲ ယူတယ်၊ တစ်ပတ်ကြာမယ်ဆိုပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေက အစိုးရဘက်က ပြုပြင်ပြောင်းလဲတာတွေကို မသိနိုင်သေးဘူး။ အဲဒါကို ဘယ်မှာသက်သေပြသလဲဆိုရင် သူတို့ဖြေတဲ့မေးခွန်းတွေမှာ အရင်နှစ်ကဖြေတဲ့အတိုင်းပဲ ပြောင်းလဲတိုးတက်မှုတွေ မသိသေးဘူး ဖြစ်နေတယ်။

အဲဒါကြောင့် စီးပွားရေးလုပ်ငန်းရှင်အနေဖြင့် အစိုးရဘက်ကနေ ဖြေလျှော့တာတွေ အကုန်လုံးကို Utilize လုပ်နိုင်မယ်ဆိုလို့ရှိရင် လက်ရှိအနေအထားမှာ အလုပ်အကိုင်စီးပွားလုပ်လို့ကောင်းတဲ့ အနေအထားမှာရှိပါတယ်။ ကျွန်တော်ကတော့ အဲဒီလိုမြင်ပါတယ်။

**အစီအစဉ်မှူး။ ။ Getting Electricity အတွက် ပုဂ္ဂလိကကဏ္ဍကနေပြီး ဒီနှစ်ထဲမှာလုပ်ဆောင်ခဲ့တာတွေ ဘယ်လောက်ထိ ရှိခဲ့တယ်ဆိုတာ သိလိုပါတယ်။**

**ဦးဇေယျာသူရမွန်။** ။ ကျွန်တော်က လျှပ်စစ်လုပ်ငန်းကို လုပ်တဲ့သူ၊ ဒီ Indicator နဲ့ ပတ်သက်ပြီးလည်း ထဲထဲဝင်ဝင် စိတ်ဝင်စားတဲ့သူဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ကနေပြီးတော့ ကျွန်တော်တို့ရဲ့ အချက်အလက်ထဲမှာ လျှပ်စစ်မီတာခကို ဝက်ဘ်ဆိုက်ထဲမှာ ရှာလို့မတွေ့ဘူးပြောတယ်။ လျှပ်စစ်ရဲ့ ဝက်ဘ်ဆိုက်ထဲမှာ မရှိဘူး။ ဒါပေမယ့် Doing Business Indicator ထဲမှာ ပါဝင်တဲ့ အဖွဲ့အစည်း တစ်ခုဖြစ်တဲ့ DICA က ထုတ်ထားတဲ့ စာရင်းထဲမှာလျှပ်စစ်မီတာခနဲ့ တခြား Doing Business နဲ့ သက်ဆိုင်တဲ့ အချက်အလက် အများကြီးပါတယ်။

**သေသေချာချာတွက်ပြီး အွန်လိုင်းတင်**

စီးပွားရေးလုပ်ငန်းတစ်ခု ဘယ်လိုလုပ်မယ်ဆိုတာတွေ အများကြီးပါတယ်။ ကမ္ဘာ့ဘဏ်က အွန်လိုင်းမှာ ရှာလို့တွေ့လားဆိုတော့ အွန်လိုင်းမှာရှာရင် ရှိတယ်။ သူရှာတာတော့ မရှိဘူး။ ဌာနက တစ်ပတ်အတွင်း ဝက်ဘ်ဆိုက်ကို တင်လိုက်တယ်။ ဝက်ဘ်ဆိုက် တင်လိုက်တဲ့အတွက် အမှတ်ပေးတဲ့ စာရင်းထဲမှာ အမှတ်တစ်ခုရသွားတယ်။ နောက်တစ်ခုက မီးပျက်တဲ့အကြိမ်ရေကို ဖော်ပြတဲ့ အညွှန်းကိန်းကို အွန်လိုင်းမှာရသလား မေးတယ်။ မီးပျက်တဲ့ အကြိမ်ရေ ဂဏန်းလေးတွက်ပြီးတော့ ဝက်ဘ်ဆိုက်မှာ တင်ထားလိုက်ရုံပါပဲ။ အင်ဂျင်နီယာတွေနဲ့ သေသေချာချာတွက်ပြီး အွန်လိုင်းမှာ တင်လိုက်တယ်။ အဲဒါတွေက ချက်ချင်းလက်ငင်း မြန်မြန်ပြင်တဲ့ဟာတွေ ဖြစ်ပါတယ်။

လျှပ်စစ်လုပ်ငန်းက လုပ်တဲ့ဟာတွေ ဖြစ်ပါတယ်။ တခြားဌာနမှာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကြေညာထားတယ်။ ကမ္ဘာ့ဘဏ်ကလည်း မသိဘူး။ စီးပွားရေးလုပ်ငန်းတွေကလည်း မသိတော့

*စာမျက်နှာ ၉ သို့*

**"တစ်နိုင်ငံလုံးမှာ အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၇၇ သန်းရှိတဲ့အနက်မှာ ၄ ဒသမ ၄၂၈ သန်းက မီးရသေးတယ်၊ ၄၁ ဒသမ ၂ ရာခိုင်နှုန်းပဲ မီးရရှိပြီး ကျန်အိမ်ထောင်စုပေါင်း ၆ ဒသမ ၃၉၆ သန်းက လျှပ်စစ်ဓာတ်အား မရရှိသေး"**

# ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)ငါးထပ်ဆောင်သစ်ကြီးတွင် သားဖွား၊ မီးယပ်နှင့် ပတ်သက်သော ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိ

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ငါးထပ်ဆောင်သစ်ကြီးကို ၂၀၁၈ ခုနှစ် ဇူလိုင် ၂၀ ရက်က ဖွင့်လှစ်နိုင်ခဲ့ပြီး အရေးပေါ်ဌာန၊ သားဖွားခန်း၊ ခွဲစိတ်ခန်းများမှ နိုဝင်ဘာ ၂၆ ရက်မှစတင်၍ ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ငါးထပ်ဆောင်သစ်ကြီး၏ မြေညီထပ်တွင် အရေးပေါ်ဌာန၊ နေ့ပိုင်း စောင့်ကြပ်ကြည့်ရှုရန် လိုအပ်သောလူနာများကို ကုသပေးရန်ဌာန၊ ကိုယ်ဝန်နုစဉ် သွေးဆင်း၊ ဗိုက်နာသောလူနာများကို ကြည့်ရှုကုသပေးသောဌာန၊ တယ်လီဖေးရှင်းနှင့် ကွန်ပျူတာ ဓာတ်မှန်ဌာန၊ သွေးလှူဘဏ်နှင့် ၂၄ နာရီဓာတ်ခွဲခန်း၊ ပထမထပ်တွင် သားဖွားခန်း၊ ကိုယ်ဝန်ဆောင် လူနာခန်းများ၊ မွေးပြီးစ လူနာခန်းများဆောင်၊ ဒုတိယထပ်တွင် အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ပြီး မွေးလူနာဆောင်၊ တတိယထပ်တွင် ခွဲစိတ်ခန်းများ၊ ခွဲစိတ်ပြီးစ လူနာခန်း၊ စတုတ္ထထပ်တွင် ဆေးရုံအုပ်ကြီးရုံးခန်း၊ ဆေးရုံအုပ်ကြီးရုံးအဖွဲ့ အစည်းအဝေးခန်းမများ၊ စာသင်ခန်းများ၊ ဘုရားခန်းများ ပါဝင်ကြောင်း သိရသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ငါးထပ်ဆောင်သစ်ကြီး ကျန်းမာရေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာခင်ပြုံးကြည်အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။



ဗဟိုအမျိုးသမီး ဆေးရုံကြီး (ရန်ကုန်) ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာ ခင်ပြုံးကြည် မေးမြန်းမှုများ ဖြေကြားစဉ်။

**မေး ။ ။ ဗဟိုအမျိုးသမီးဆေးရုံ ငါးထပ်ဆောင်သစ်ကြီးကို ထပ်မံတိုးချဲ့ဖွင့်လှစ်ထားတယ်။ ဒီနေ့မှာ လူနာတချို့ကို ပြောင်းရွှေ့ပြီး ဆေးကုသမှု ခံယူစေနေတယ်လို့ သိရပါတယ်။ လူနာဘယ်နှဦးလဲ၊ ဘယ်လိုရောဂါမျိုးကို ပြောင်းရွှေ့ကုသစေတာပါလဲ။**

ဖြေ ။ ။ အဆင့်မြင့် ငါးထပ်ဆောင်ကြီးမှာ နိုဝင်ဘာလ ၂၆ ရက်နေ့က စပြီးတော့ လူနာတွေကို ပြောင်းရွှေ့ကုသခဲ့ပါတယ်။ ကုသတဲ့လူနာတွေက အဓိကကတော့ ပထမထပ်မှာဆိုရင် သားဖွားခန်းတွေရှိပါတယ်။ ရိုးရိုးမွေးဖွားမယ့် လူနာတွေကို ကုသပေးပါတယ်။ တတိယထပ်မှာ ခွဲစိတ်ခန်း ခုနစ်ခန်းရှိပါတယ်။ ခွဲစိတ်ခန်း ခုနစ်ခန်းမှာ စီစဉ်ပြီးခွဲစိတ်တဲ့ ဗိုက်ခွဲပြီးမွေးဖွားတဲ့ လူနာတွေရယ်၊ ၂၄ နာရီ အရေးပေါ်ဗိုက်ခွဲမွေးဖွားတဲ့ မွေးလူနာတွေကို ကုသပေးပါတယ်။ ဒါ့အပြင် ခွဲစိတ်ခန်းခုနစ်ခန်းက တချို့ခွဲစိတ်ခန်းတွေမှာ မီးယပ်ဝေဒနာရှင်တွေကိုလည်း ခွဲစိတ်ကုသခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ အောက်ဆုံးထပ်မှာ အရေးပေါ်ဌာနရှိပါတယ်။

အရေးပေါ်ဌာနက အရင်က ဒီဘက်က အဆောင်မှာပါ။ အခုတော့ အရေးပေါ်ဌာနကိုလည်း ငါးထပ်ဆောင်ကြီး အောက်ဆုံးထပ်မှာ နိုဝင်ဘာလ ၂၆ ရက်နေ့က စပြောင်းရွှေ့ပြီး အရေးပေါ်အကြောင်းကြောင်းကြောင့် ဆေးရုံတက်ရမယ့်လူနာတွေကိုလည်း ဒီအရေးပေါ်ဌာနကတစ်ဆင့် ဆေးရုံတင်ခြင်းလုပ်ငန်းကို လုပ်သလိုပဲ အရေးပေါ် ဗိုက်နာလို့သော် လည်းကောင်း၊ သွေးဆင်းလို့သော် လည်းကောင်း၊ သားပျက်သားလျှောသော် လည်းကောင်း ရောက်လာတဲ့လူနာတွေကိုလည်း ဒီအရေးပေါ်ဌာနက လက်ခံပြီးတော့ သက်ဆိုင်ရာ လူနာဆောင်အသီးသီးကို တင်ပေးပါတယ်။ ဒီအောက်ဆုံးထပ်မှာပဲ ၂၄ နာရီ ဓာတ်ခွဲခန်းလည်း ရှိတယ်။ ဓာတ်မှန်ဌာနအနေနဲ့ CT ဓာတ်မှန်ဌာန၊ Ultrasound ရိုက်ကူးရေးကိုလည်း ဆောင်ရွက်ပေးနေပါတယ်။

**မေး ။ ။ အရင် ဆေးရုံဟောင်းအဆောင်တွေကို ဘယ်လိုထားရှိ ဆောင်ရွက်သလဲဆိုတာလည်း သိချင်ပါတယ်။**

ဖြေ ။ ။ အရင် ဆေးရုံအဟောင်းမှာ အခုလက်ရှိ (A)ဆောင် ပထမထပ်မှာ မူလအတိုင်းပါပဲ။ ဆေးရုံကြိုတင်ရတဲ့လူနာတွေကို ထားရှိပေးပါတယ်။ အဲဒီအပေါ် တတိယထပ်က ခွဲစိတ်မွေးဖွားတဲ့ လူနာတွေထားတာပါ။ အဲဒီအထပ်မှာ ရိုးရိုးမွေးဖွားပြီးတော့ ဒုတိယ၊ တတိယရက်တွေပေါ့။ အဲဒီ လူနာတွေစိတ်ချရရင် အဲဒီဘက်မှာ ရွှေ့ပြီး ကုသပေးပါတယ်။

**မေး။ ။ အခုလူနာတစ်ဦးက ဗဟိုအမျိုးသမီးဆေးရုံမှာ ဆေးလာကုမယ်ဆိုရင် အဟောင်းကို သွားရမလား၊ အသစ်ကိုသွားရမလား ပြည်သူလူထုကိုသိအောင် ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ဘယ်လူနာမဆို ဆေးရုံတက်ရမယ့် လူနာတွေဆိုရင် ငါးထပ်ဆောင်ကြီး အောက်ဆုံးထပ်မှာရှိတဲ့ အရေးပေါ်ဌာနကိုပဲ လာရမှာပါ။ ပြင်ပလူနာဌာနကတော့ မူလအတိုင်းရှိပါတယ်။ ပြောချင်တာက အရေးပေါ်ဌာနကတော့ ငါးထပ်ဆောင်ကြီးရဲ့ အောက်ဆုံးထပ်မှာ ရှိပါတယ်။

**မေး။ ။ ဆေးဝါးကုသပေးတဲ့အပိုင်းနဲ့ ပတ်သက်ပြီးတော့ အရင်အတိုင်း အခမဲ့ပဲလားရှင့်။**

ဖြေ ။ ။ ဆေးဝါးကုသရေးမှာ အခြေခံဆေးဝါးတွေကိုတော့ အခမဲ့ ကုသပေးပါတယ်။ ဒီထဲမှာမှ အရေးကြီးတဲ့ဆေးဝါးတွေ၊ ဆေးရုံမှာ မရှိတဲ့ ဆေးဝါးတချို့ကိုတော့ ဆေးရုံအထောက်အကူပြု ဆေးဆိုင်ရှိတယ်။ အဲဒီမှာ အလွယ်တကူဝယ်ယူနိုင်ဖို့ စီစဉ်ပေးထားပါတယ်။

**မေး။ ။ အခုလို ငါးထပ်ဆောင်သစ်ကြီးမှာ လူနာတွေကို လက်ခံကုသပေးနေပြီဆိုတာနဲ့ပတ်သက်ပြီး ပြည်သူကို ဘာများ message ပေးချင်ပါသလဲ။**

ဖြေ။ ။ ကျွန်မအနေနဲ့ ပြည်သူလူထုကို message ပေးချင်တဲ့ အကြောင်းအရာကတော့ ကျွန်မတို့ ဗဟိုအမျိုးသမီးဆေးရုံကြီးက ဆင်းရဲချမ်းသာမရွေး ကိုယ်ဝန်ဆောင်မိခင်တွေရော၊ မီးယပ်ဝေဒနာရှင်ရော အားလုံးကိုကုသပေးတဲ့ ဆေးရုံကြီးပါ။ ကျွန်မတို့ဆေးရုံကြီးက မြန်မာနိုင်ငံမှာဆိုရင် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီးပါ။ နိုင်ငံတကာအဆင့်မီအောင်လည်း ကျွန်မတို့ အနေနဲ့လည်း ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဗဟိုအမျိုးသမီးဆေးရုံမှာ ဆရာဝန်၊ ဆရာမတွေ အားလုံးကနေပြီး အမျိုးသမီးထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးရတဲ့အတွက်ကြောင့် ဝမ်းသာဂုဏ်ယူမိပါတယ်လို့ ပြောချင်ပါတယ်။

**မေး။ ။ သားဆက်ခြားနဲ့ သားသမီးလိုချင်ရင် ဒီဆေးရုံမှာ လာရောက်ကုသရင်ရောရပါသလား။**

ဖြေ ။ ။ ပုံမှန်အားဖြင့် သားဆက်ခြားဆေးပေးခန်းကတော့ အဆောင်ဟောင်း ပြင်ပလူနာဌာနမှာရှိပါတယ်။ ဒီဘက်က အဆောင်ကတော့ အောက်ဆုံးထပ်မှာ အရေးပေါ်ဌာန၊ တစ်ခါတလေ မွေးလူနာတွေ စိတ်ပူပြီးလာကြတယ်၊ စိတ်ပူပြီး ကလေးသိပ်မလှုပ်လို့၊ ခေါင်းကိုက်လို့၊ အဲဒါမျိုးတွေဆိုရင် ကျွန်မတို့ကတစ်ခါတလေ ကျရင် အရေးပေါ်ဌာနမှာ ကြည့်လိုက်တယ်။ ကြည့်လိုက်ပြီး ဆေးရုံတင်ဖို့လည်း မလိုဘူး။ ဒါပေမယ့်လည်း တစ်နေ့လောက်၊ ခဏစိတ်ချရတဲ့အထိလည်း ထားစေချင်တယ်။ ကျွန်မတို့အနေနဲ့လည်း ဆန္ဒရှိတယ်။ ချက်ချင်းလည်း ပြန်မလွှတ်ချင်တဲ့ အခါကျရင် ကျွန်မတို့က နေ့ပိုင်းစောင့်ကြပ် ကြည့်ရှုဖို့လိုအပ်တဲ့ လူနာတွေကို ကုသပေးတဲ့ဌာနလည်း ရှိပါတယ်။ နောက်တစ်ခု ကိုယ်ဝန်နုစဉ် သွေးဆင်း၊ ဗိုက်နာတဲ့ လူနာတွေကို ကြည့်ရှုကုသပေးတဲ့ဌာနမှာ ကိုယ်ဝန်ဆောင်မိခင်တွေက သွေးဆင်း၊ ဗိုက်နာအကြောင်းကြောင်းကြောင့် ရောက်လာရင်လည်း ကျွန်မတို့က Ultrasound တွေ ကြည့်ပြီး လုပ်တယ်။ စိတ်ချရတဲ့အထိထားရှိပြီး စိတ်ချရင် အိမ်ပြန်လွှတ်တယ်။ နေ့ပိုင်းစောင့်ကြပ်ကြည့်ရှုဖို့ လိုအပ်တဲ့လူနာတွေကို ကုသပေးတဲ့ဌာနတို့၊ ကိုယ်ဝန်နုစဉ် သွေးဆင်း၊ ဗိုက်နာတဲ့ လူနာတွေကို ကြည့်ရှုကုသပေးတဲ့ ဌာနတွေက ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ ပထမဆုံးထားရှိပြီး ကုသပေးမှာ ဖြစ်ပါတယ်။

**မေး ။ ။ အမျိုးသမီးနဲ့ ပတ်သက်တဲ့ရောဂါ ရင်သားကင်ဆာနဲ့ သားအိမ်ခေါင်းကင်ဆာတို့ကာကွယ်မှုအပိုင်း၊ ကုသမှုအပိုင်းတွေကို ဘယ်လိုဆောင်ရွက်ပေးတယ်ဆိုတာ ရှင်းပြပေးပါ။**

ဖြေ ။ ။ အမျိုးသမီးတွေ ရင်သားကင်ဆာ ကာကွယ်ရေးအပိုင်းမှာ မိမိကိုယ်တိုင် ဘယ်လိုစမ်းသပ်ရမလဲဆိုတာကိုလည်း ဆရာဝန်တွေက သင်ကြားပြသပေးတဲ့အပြင် ဂိုက်လိုင်းတွေလည်း ရှိပါတယ်။ ဘယ်လို အသက်အရွယ် အမျိုးသမီးတွေကို ရင်သားကင်ဆာမဖြစ်ခင်ကတည်းက ကြိုတင်ပြီးတော့ early state တကယ်လို့ ဖြစ်နေရင် စောစောစီးစီးသိရအောင် မယ်မိုဂရမ် ရိုက်ကူးပေးပါတယ်။ အဲဒါက ပြင်ပလူနာဌာနမှာ ရှိပါတယ်။ အဲဒီလိုပဲ အမျိုးသမီးထဲမှာ အဖြစ်အများဆုံးဖြစ်တဲ့ သားအိမ်ခေါင်းကင်ဆာအတွက် ရှေ့ပြေးအဆင့်ကို ကုသပေးတဲ့ ဆေးခန်းရှိပါတယ်။ သက်ဆိုင်ရာ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးတွေက ဦးဆောင်ပြီးတော့ ဖွင့်လှစ်ထားတာ ရှိပါတယ်။ အဲဒါက ပြင်ပလူနာဌာနမှာပါ။

**မေး ။ ။ ငါးထပ်ဆောင်ကြီး တိုးချဲ့လိုက်တဲ့အတွက် လူနာဦးရေတိုးတက်လာမှု အတိုင်းအတာလေးလည်း သိပါရစေ။**

ဖြေ ။ ။ ငါးထပ်ဆောင်ကြီးကို ဖွင့်လိုက်တဲ့အတွက် လူနာခုတင် ၂၀၀ လောက် အနည်းဆုံးတိုးချဲ့ပြီး ကုသနိုင်ပါတယ်။ ဗဟိုအမျိုးသမီးဆေးရုံကြီးက ခုတင် ၈၀၀ ဆံ့ ဆေးရုံကြီးပါ။ ဒီဘက်မှာ ၈၀၀ ထက် မကပါဘူး။ အဲဒီအခါကျတော့ ကျွန်မတို့ ဒီဘက်မှာ ခုတင် ၈၀၀ ရယ်၊ ဟိုဘက်က ခုတင် ၂၀၀ စုစုပေါင်း ခုတင် ၁၀၀၀ ဆံ့ ဆေးရုံကြီးတော့ ဖြစ်လာပါပြီ။

အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်။ ။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - ကိုမျိုး**




ဗဟိုအမျိုးသမီး ဆေးရုံကြီး (ရန်ကုန်) ငါးထပ်ဆောင် သစ်ကြီးကို တွေ့ရစဉ်။

---

*စာမျက်နှာ ၈ မှ*

ဒီလုပ်ထုံးလုပ်နည်းတွေ ရှိပါတယ်လို့ ဖြေတယ်။ ကမ္ဘာ့ဘဏ်ကလည်း အစည်းအဝေးမှာ ဒါမရှိတော့ဘူးလို့ ပြောတာလက်မခံဘူး။ မရှိတော့တဲ့ဟာတွေကို သက်သေပြရပါတယ်။

**ဦးတင်အောင်။** ။ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီး ဌာနအနေနဲ့လည်း ပွင့်လင်းမြင်သာမှု လုပ်ပါတယ်။ လုပ်တဲ့နေရာမှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှာလည်း တင်ထားပါတယ်။ လျှပ်စစ်ဓာတ်အားရရှိဖို့နဲ့ ပြည်သူတွေသိအောင် ဘယ်လောက်ကုန်ကျမယ်။ ဘယ်နှရက်အတွင်း ပြီးအောင်လုပ်ပေးမယ်ဆိုပြီး ဝက်ဘ်ဆိုက်မှာ တင်ပါတယ်။ လက်ရှိမှာ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှာ လုပ်နေပြီ၊ မန္တလေးမှာလည်း လုပ်နေပြီ၊ သူတို့လည်း ဝက်ဘ်ဆိုက်တင်တော့မယ်။ စုစုပေါင်း သုံးခုဖြစ်သွားပြီ။ ဝန်ကြီးဌာန ဝက်ဘ်ဆိုက်တစ်ခု၊ ကော်ပိုရေးရှင်း ဝက်ဘ်ဆိုက်နှစ်ခုတင်မှာဖြစ်ပါ တယ်။ ဝက်ဘ်ဆိုက်တင်တာနဲ့ မတင်ခင်ကလည်း မြို့နယ်လျှပ်စစ် ရုံးတိုင်းရုံးတိုင်းမှာ မီတာလျှောက်ရင် လုပ်ထုံးလုပ်နည်း၊ ကုန်ကျစရိတ်၊ ဘယ်လောက်ကြာမယ်ဆိုတာ ဗီနိုင်းတွေနဲ့ လူမြင်သာတဲ့၊ အများပြည်သူမြင်သာတဲ့နေရာမှာ ကပ်ထားပါတယ်။ မြို့နယ်တိုင်း၊ မြို့နယ်တိုင်းမှာ ကပ်ခိုင်းထားပါတယ်။ ပွင့်လင်းမြင်သာမှုရှိအောင် ဒါတွေလုပ်ပေးပါတယ်။

**ရှင်မင်း၊ ဓာတ်ပုံ-အေးသန်း**

*(ဆက်လက်ဖော်ပြပါမည်)*

**နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ၌ ရေဆင်းနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်အောင်သန်းနှင့် တပ်ဖွဲ့ဝင်များ နိုဝင်ဘာလ နောက်ဆုံးပတ်က ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကြည်ထွန်းနှင့် ကျေးရွာနေပြည်သူ ၁၀၀ ကျော်တို့ကို မူခင်းအသိပညာပေးခြင်း၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောဆွေးနွေးစဉ်။** ဇော်ဘီ



# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၇။ ဝန်ကြီးဌာနသည် လိုအပ်လျှင် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းတွင် မြေယာစီမံခန့်ခွဲရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း တစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာဥပဒေနှင့်အညီ သက်ဆိုင်ရာပုဂ္ဂိုလ်၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

## အခန်း (၅)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသကာကွယ်ထိန်းသိမ်းခြင်း

၈။ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ယဉ်ကျေးမှုအမွေအနှစ် အခင်းအကျင်းကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေသည့် မည်သည့်အဆောက်အအုံမျှ ဆောက်လုပ်ခြင်းမပြုရန် တားဆီးခြင်း၊ ကျူးကျော်ဆောက်လုပ်ထားမှုများကို ဖယ်ရှားစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၉။ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုချင်းအလိုက် အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များကို ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်နိုင်သည်။

၁၀။ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရန်လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက် ရယူရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ ပရဝဏ်ကို သတ်မှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ပရဝဏ်အတွင်း ဆောင်ရွက်သည့်ကိစ္စရပ်များအတွက် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဂ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံအား ဂေါပက သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်း၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း။

## အခန်း (၆)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၁၂။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုလုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ထင်ရှားကျော်ကြား၍ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ပျက်စီးယိုယွင်းနေသော ယဉ်ကျေးမှုအမွေအနှစ်များကို ဦးစားပေး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းနေရာနှင့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့ မရောက်ရှိစေရေးနှင့် ပြည်ပသို့ ရောက်ရှိသွားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြန်လည်ရရှိရေးတို့အတွက် လိုအပ်သလို ဆောင်ရွက်ခြင်း၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက် အသိပညာပေးရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဆ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဇ) အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများ၏ တင်ပြချက်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ခြင်း။

(ဈ) ယဉ်ကျေးမှုအမွေအနှစ်ထိခိုက်မှုတွင် ထိခိုက်အောင် ဆောင်ရွက်သူက ပေးလျော်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေ ထည့်ဝင်စေရန်၊ အကျိုးအမြတ်၏တစ်စိတ်တစ်ပိုင်းအား ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း၊

(ည) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရငွေအပြင် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်၏ ငွေစာရင်းတွင် ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုရန်ပုံငွေတစ်ရပ်ကို တည်ထောင်ထားရှိခြင်း။

## အခန်း (၇)
## စီမံခန့်ခွဲမှုကော်မတီများ၏ လုပ်ငန်းတာဝန်များ

၁၃။ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့အမွေအနှစ်ဒေသများအတွက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) က သတ်မှတ်ထားသည့် မူဝါဒ စည်းကမ်းချက်များအား မိမိတို့နယ်မြေဒေသ၊ ယဉ်ကျေးမှုနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ မြို့ပြ၊ ကျေးရွာများတွင် အောက်ပါကိစ္စရပ်များကို စိစစ်ဆောင်ရွက်ခြင်း -

(၁) အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(၂) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ သို့မဟုတ် စက်မှုလုပ်ငန်း အဆောက်အအုံကို ပြင်ဆင်ခြင်း၊

(၃) ဒေသခံများက ဆောင်ရွက်သည့် စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊

(၄) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ ဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ ဆောက်လုပ်ခြင်း၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) စီမံခန့်ခွဲမှုအရ မဖြစ်မနေ လိုအပ်သောအဆောက်အအုံ၊ လူအများသုံး အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊

၁၄။ ဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းတွင် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့အမွေအနှစ်ဒေသများအတွက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) က သတ်မှတ်ထားသည့် မူဝါဒ စည်းကမ်းချက်များအား မိမိတို့နယ်မြေဒေသ၊ ယဉ်ကျေးမှုနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဒေသခံများ၏ အနာဂတ် မြို့ပြ ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆောင်ရွက်လိုသည့် အောက်ပါကိစ္စများကို စိစစ်ခွင့်ပြုခြင်း -

(၁) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ယင်းဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(၂) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ ဆောက်လုပ်ခြင်း၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၃) စီမံခန့်ခွဲမှုအရ မဖြစ်မနေ လိုအပ်သော အဆောက်အအုံ၊ လူအများသုံး အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊

(၄) အခြားလိုအပ်သော လုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၅။ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ကြိုတင်ခွင့်ပြုချက် လျှောက်ထားလာမှုများကို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ရမည့်အပြင် အမွေအနှစ်ထိခိုက်နိုင်မှုဆန်းစစ်ချက် (Heritage Impact Assessment) ဖြင့်လည်း သုံးသပ်စိစစ်ရမည်။

၁၆။ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ကြိုတင်ခွင့်ပြုချက်ပေးထားသည့် ကိစ္စရပ်များကို ခွင့်ပြုစဉ်က သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်းမရှိလျှင် ကြိုတင်ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၈)
## ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၁၇။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်မှု မရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ လျှောက်ထားရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသအတွင်းရှိ မြို့ပြနှင့် ကျေးရွာအတွင်းတွင် -

(၁) အဆောက်အအုံတည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံမှတစ်ပါး အခြား အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်ကို ကာရံခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(၃) ယဉ်ကျေးမှုအမွေအနှစ်များကို မထိခိုက်သည့် သာသနိက အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊

(၄) လမ်းများတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဆိပ်ခံဇေတံတားများ ပြင်ဆင်ခြင်း၊

(၅) ရေတွင်း၊ ရေကန်၊ ရေကူးကန်၊ ရေလှောင်ကန်၊ မွေးမြူရေးကန်များ၊ မွေးမြူရေးခြံများ၊ နှစ်ရှည်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

(၆) လက်မှုလုပ်ငန်းဆိုင်ရာ အလုပ်ရုံများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၇) စီးပွားရေးလုပ်ငန်းဆိုင်ရာ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများ တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၈) ပြခန်းလုပ်ငန်းဆိုင်ရာ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၉) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းအဆောက်အအုံကို ပြင်ဆင်ခြင်း၊

(၁၀) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ် ပျံသန်းခြင်း၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းရှိ ကြားခံဒေသတွင် -

(၁) လမ်းဖောက်လုပ်ခြင်း၊ ဆိပ်ခံဇေတံတား၊ ယာဉ်ရပ်နားစခန်း၊ ရထားလမ်း၊ ရထားဘူတာရုံ၊ အားကစားရုံ၊ အားကစားကွင်းများ၊ အဆောက်အအုံနှင့် တံတားများ အသစ်တည်ဆောက်ခြင်း၊ သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(၂) ဆက်သွယ်ရေးတာဝါတိုင်များ၊ မြေအောက်လုပ်ငန်းများ၊ မြေအောက်ဓာတ်အားကြိုးများ၊ လျှပ်စစ်မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်တိုင်များ၊ ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်စိုက်ထူခြင်း၊

(၃) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ မောင်းသူမဲ့လေယာဉ်၊ ဖြတ်သန်းပျံသန်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၄) ဇာတ်ရုံကဲ့သို့သော ဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများ၊ နားနေစခန်းများ၊ မြင်းစီးစခန်းပြိုင်ကွင်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း။

၁၈။ (က) ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ခွင့်ပြုချက်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ -

(၁) အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ရက်ပေါင်း ၃၀ အတွင်း စိစစ်ဆုံးဖြတ်ရမည်၊

(၂) ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ၁၅ ရက် အတွင်း စိစစ်ဆောင်ရွက်ရမည်။

(ခ) အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီသည် ပုဒ်မခွဲ (က) (၁) အရ စိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း ပြုလုပ်နိုင်သည်။

(ဂ) ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် ပုဒ်မခွဲ (က) (၂) အရ စိစစ်၍ လိုအပ်ပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်နှင့် တင်ပြရမည်။

၁၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပြီး -

(က) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးသင့်ကြောင်း တွေ့ရှိလျှင် လျှောက်ထားသူအား ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရမည်။

(ခ) ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန်မသင့်ကြောင်း တွေ့ရှိလျှင် လျှောက်ထားချက်ကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ရမည်။

*ဆက်လက်ဖော်ပြပါမည်*

# ပြည်မြို့တွင် ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရောမှာထပ်ဆင့်ပွား ငြိမ်းချမ်းရေးဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကျင်းပ

**ပြည် ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ဗိုလ်ချုပ်လမ်း နှင့် လမ်းမတော်လမ်းဆုံရှိ ဗိုလ်ချုပ်မြင်းစီးကျောက်ရုပ်ရှေ့တွင် ဒီဇင်ဘာ၁ ရက် နံနက် ၇ နာရီက ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရောမှာ ထပ်ဆင့်ပွား ငြိမ်းချမ်းရေးဆိုင်းဘုတ်တင်ပွဲ အခမ်းအနား ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရောမှာထပ်ဆင့်ပွား ငြိမ်းချမ်းရေးဆိုင်းဘုတ်ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးနှင့် သိက္ခာတော်ရဆရာကြီး ဦးသိန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းတို့က အမှာစကား ပြောကြားကြပြီး သိက္ခာတော်ရဆရာကြီး ဦးသိန်းလွင်က ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရောမှာထပ်ဆင့်ပွား အစီအစဉ်ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆရာဇေယျာမင်းရှင်က ငြိမ်းချမ်းရေးဆန္ဒပြုခြင်း အစီအစဉ် ပြုလုပ်သည်။

အဆိုပါအဖွဲ့သည် နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက ပြည်မြို့ဆိပ်ကမ်းသို့ ရောက်ရှိလာရာ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြခဲ့ကြပြီး ငြိမ်းချမ်းရေးစကားဝိုင်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်ကြမည့်အပြင် ငြိမ်းချမ်းရေးတေးသံသာများ ပျံ့လွင့်အောင် သီဆိုဖျော်ဖြေမှုများပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း/ခရိုင် မြို့နယ်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြည်)**




## Singapore Festival 2018 ပွဲတော် ဒုတိယနေ့ လာရောက်သူများဖြင့်စည်ကား

**ရန်ကုန် ဒီဇင်ဘာ ၁**

စင်ကာပူပွဲတော် ၂၀၁၈ (Singapore Festival 2018) ဒုတိယနေ့ကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြားရှိ ဘိုကလေးဈေးလမ်းတွင် ဆက်လက်ကျင်းပရာ ပွဲတော်သို့ လာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်သည့် ဗိုလ်တထောင်မြို့နေ ဦးဝင်းအောင်က "စင်ကာပူပွဲတော်က စင်ကာပူနဲ့ပတ်သက်ပြီး လေ့လာစရာတွေလည်း ပြသထားတော့ စိတ်ဝင်စားဖို့ကောင်းပါတယ်။ လူကြီး၊ လူငယ် အပါအဝင် ကလေးတွေအတွက်ပါ ပျော်ပွဲရွှင်ပွဲလေးတွေ ထည့်ထားတော့ အသွင်တစ်မျိုးနဲ့ ထူးထူးဆန်းဆန်းလေး ဖြစ်နေပါတယ်" ဟု ပြောသည်။

ပွဲတော် ဒုတိယနေ့တွင် အစားအစာဆိုင်များ၊ ဂရပ်ဖစ်ပညာရှင်နှစ်ဦး၏ နံရံဆေးမှုတ် ပန်းချီအနုပညာသရုပ်ပြမှု၊ စင်ကာပူနိုင်ငံ၏ ဆွဲဆောင်မှုနေရာများဖြစ်သည့် Santosa island၊ Gardens by the Bay, Resorts World၊ Sentosa Wildlife Reserves Singapore စသည့် wall ပိုစတာများတွင် ဓာတ်ပုံများရိုက်ကာ Instant Photo Printer များဖြင့် အခမဲ့ထုတ်ပေးခြင်း၊ ပန်းချီပညာနှင့် Augmented Reality (AR) ပေါင်းစပ်ဖန်တီးထားသည့် Atypical Singapore ၏ ခေတ်သစ် အီလက်ထရွန်နစ် ဆန်းသစ်အနုပညာဖြင့်ပြသည့် လှုပ်ရှားပုံရိပ်များ၊ စင်ကာပူနိုင်ငံ၏ (၈၈) ကြိမ်မြောက် အကယ်ဒမီပေးပွဲအတွက် အကောင်းဆုံးဇာတ်ကားအဖြစ် ရွေးချယ်ခံရသည့် 7 Letters ဇာတ်ကားပြသနေမှု၊ ဟဲလေးနှင့် 88 Degrees Jazz Band အဖွဲ့၏ ဂီတဖျော်ဖြေမှု၊ မီးအလှ ပြကွက်၊ ကုလားမခြေထောက်လမ်းလျှောက်၊ မျက်လှည့်ပြကွက်၊ ပန်းချီလာဆွဲသည့် ကလေးများ၊ ကစားကွင်းငယ်တွင်း ပျော်ရွှင်စွာကစားနေသည့် ကလေးများ၊ လာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ပွဲတော်တွင် နှစ်နိုင်ငံခရီးသွားလာမှု တိုးတက်ရေးအတွက် အကြံဉာဏ်များ ပေးနိုင်ပြီး လာရောက်ကြည့်သူကို "Passion Made Possible" ဆိုသည့်အတိုင်း စိတ်အားထက်သန်မှုများကို ပေးလျက်ရှိသည်။

စင်ကာပူပွဲတော် ၂၀၁၈ ကို ဒီဇင်ဘာ ၂ ရက်အထိ ညနေ ၄ နာရီ မှ ည ၉နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ဖြစ်မြောက်ရန်အတွက် ဘိုကလေးဈေးလမ်းတွင် နေထိုင်သည့် လမ်းသူလမ်းသားများက Singapore Tourism Board ၊ ဒို့အိမ်တို့နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

စင်ကာပူပွဲတော် ၂၀၁၈ သည် ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သည့် ပွဲတော်များထဲတွင် တစ်မူထူးခြားဆန်းသစ်သည့် ပွဲတော်တစ်ခုဖြစ်ကာ အဆိုပါပွဲတော်မှ ရန်ကုန်မြို့၏ အနာဂတ် ပုံစံနှင့်သက်ဆိုင်သည့် စိတ်ကူးစိတ်သန်းများကို မြို့နေလူထုထံ ပေးသွားနိုင်ရန် ရည်ရွယ်ထားပြီး ရန်ကုန်မြို့နေလူထုနှင့် ကမ္ဘာလှည့်ခရီးသွားများအတွက် ရန်ကုန်မြို့၏ သက်ဝင်လှုပ်ရှားမှုများနှင့် နေချင်စဖွယ်ဖြစ်မှုကို ပိုမိုကောင်းမွန်တိုးတက်စေမည့် အနာဂတ် အစီအစဉ်များအတွက် စံနမူနာကောင်းဖြစ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်၊ သန့်ဇင်မင်း**
**ဓာတ်ပုံ-နေလင်း**

စင်ကာပူဈေးရောင်းပွဲတော် ဒုတိယနေ့တွင် လာရောက်ကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။



## ရုပ်ရှင်ဇာတ်ကားကောင်းများ တည်းဖြတ်မှုအချောသပ်ထုတ်လုပ်မှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁**

ရုပ်ရှင်ဇာတ်ကားကောင်းများတည်းဖြတ်မှု အချောသပ်ထုတ်လုပ်မှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ "ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ" (Film Development Centre) ၌ ကျင်းပမည်ဖြစ်သည်။

### တက်ရောက်လေ့လာနိုင်

ဆွေးနွေးပွဲတွင် ဒါရိုက်တာအောင်ကိုလတ်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ဒေါက်တာဉာဏ်လင်းဦး (ကိုဉာဏ်)၊ ဦးကြည်မင်းသိန်း၊ ဒေါက်တာသူရ သိန်းတင်၊ ဦးဉာဏ်ဝင့်နှင့် ဦးတင်ငြိမ်းတို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားများရိုက်ကူးပြီးနောက် တည်းဖြတ်မှုအချောသပ်ထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

### ဆွေးနွေးပွဲများ ကျင်းပခဲ့

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Panel Discussion on Making Good Movie: Pre-Production) ကို စက်တင်ဘာ ၂၃ ရက်တွင် လည်းကောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်ခြင်းနှင့်ပတ်သက်သော စကားဝိုင်းဆွေးနွေးပွဲ (Panel Discussion on Making Good Movie: Production on Set) ကို အောက်တိုဘာ ၂၇ ရက်တွင် လည်းကောင်း "ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ" (Film Development Centre) ၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

TDB
CHINA BRAND M 2018 MYANMAR INTERNATIONAL TEXTILE EXPO
CHINA TEXTILES BRAND SHOW (MYANMAR)
Textiles From CHINA To MYANMAR
တရုတ်နိုင်ငံမှ စက်ရုံပေါင်း (၁၅၀) ကျော်နှင့် ဖိတ်စမျိုးစုံ အမျိုးပေါင်း (၁)သိန်းကျော် ပါဝင်ပြသမည့် ကုန်စည်ပြပွဲကြီး
DATE : 7-12-2018 TO 9-12-2018 LOCATION : MCC (MYANMAR CONVENTION CENTRE)
TIME ; 9:00 AM TO 17:30 PM website :www.mmtexfair.com https://www.facebook.com/myanmartextileexpo



မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု ပထမပတ်စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁ ရက်က မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၇၃ လမ်းဆုံ မင်္ဂလာတံတားထိပ် တာလွှတ်စုရပ်နေရာကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ ဦးဆောင်၍ ပြည်သူများနှင့်အတူ စုပေါင်းလမ်းလျှောက် ပါဝင်ဆင်နွှဲကြစဉ်။

တင်မောင်(မန်းကိုယ်ပွား)

# ၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်များထွက်ပေါ်

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမအကျော့ပွဲစဉ်များကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပထမအကျော့ ပွဲစဉ်များကို အောင်ဆန်းကွင်း၌ တစ်ပတ်လျှင် လေးပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး အဖွင့်ပွဲအဖြစ် ဂန္ဓမာအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁) ကို ဒီဇင်ဘာ ၄ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်တွင် ဂန္ဓမာအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း၊ ဒီဇင်ဘာ ၅ ရက်တွင် တက္ကသိုလ်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ဒီဇင်ဘာ ၆ ရက်တွင် မြဝတီအသင်းနှင့် YREO အသင်း၊ ဒီဇင်ဘာ ၇ ရက်တွင် ဇွဲကပင်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး နှစ်ကြိမ်ဆက် ဖိုလ်စွဲထားသည့် မြဝတီအသင်းနှင့် ချန်ပီယံဆုကို မျှော်လင့်နိုင်သည့် သစ္စာအားမာန်အသင်းသည် ပထမအကျော့ နောက်ဆုံးပွဲမှ တွေ့ဆုံမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အမျိုးသမီးဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားရန် ၂၀၁၆ နှစ်ကုန်ပိုင်းတွင် အမျိုးသမီးလိဂ်ပြိုင်ပွဲကို စတင်ကျင်းပခဲ့ပြီး ယခုအကြိမ်မှာ တတိယမြောက် ရာသီအဖြစ် ကျင်းပမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်ရာသီစလုံးတွင် မြဝတီအသင်းက ဖိုလ်စွဲခဲ့ပြီး သစ္စာအားမာန်အသင်းမှာမူ ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသည်။

**ရဲရင့်ရှိုင်း**

# ပရီမီယာလိဂ် ပွဲစဉ်(၁၄)ယှဉ်ပြိုင် မန်စီးတီးတို့ ဘုန်းမောက်ကို အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၄)ကို ဒီဇင်ဘာ ၁ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များမှ မန်စီးတီးနှင့် ဘုန်းမောက်တို့ပွဲတွင် အိမ်ရှင် မန်စီးတီးအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် မန်စီးတီးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပုံမှန်ပွဲထွက်ခဲ့ပြီး ဧည့်သည် ဘုန်းမောက်အသင်းသည် ၃-၄-၃ ပုံစံဖြင့် ပွဲထွက်လာသည်။ ပွဲချိန် ၁၆ မိနစ်တွင် ဘာနာဒိုဆေးလ်ဗားက မန်စီးတီးအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီး ၄၄ မိနစ်တွင် ဝီလ်ဆန်က ဘုန်းမောက်အတွက် ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ၅၇ မိနစ်တွင် စတာလင်းက ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့ပြီး ၇၉ မိနစ်တွင် ဂွမ်ဒိုဂန်က မန်စီးတီးအတွက် အနိုင်သေချာမည့်ဂိုးကို သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင်မန်စီးတီးအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ကစားနိုင်ခဲ့သည်။ ယနေ့ပွဲအနိုင်ရရှိခဲ့၍ မန်စီးတီးသည် ရမှတ် ၃၈ မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေပြီး ပရီမီယာလိဂ် ရှုံးပွဲမရှိဘဲ ဆက်လက်ရပ်တည်နေသည်။

ပရီမီယာလိဂ် အခြားပွဲစဉ်ရလဒ်များအဖြစ် ပဲလေ့စ်အသင်းသည် ဘန်လေကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဘရိုက်တန်က ဟက်ဒါဖီးလ်ကို နှစ်ဂိုး-တစ်ဂိုး၊ လက်စတာက ဝက်ဖို့ဒ်ကို နှစ်ဂိုး-ဂိုးမရှိနှင့် ဝက်စ်ဟမ်းက အဝေးကွင်းတွင် နယူးကာဆယ်ကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်(၁၄) လက်ကျန်ပွဲစဉ်များကို ဒီဇင်ဘာ ၂ ရက်တွင် ချယ်လ်ဆီးနှင့် ဖူလ်ဟမ်၊ လီဗာပူးနှင့် အဲဗာတန်၊ လန်ဒန်ဒါဘီ ပြိုင်ပွဲဖြစ်သော အာဆင်နယ်နှင့် စပါးတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

# ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုလမ်းလျှောက်ပွဲ ပြည်သူလေးသောင်းခန့် ပါဝင်ဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုကို ယနေ့ နံနက် ၅ နာရီခွဲက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားဝင်း (အထူးတန်း)ဝင်ပေါက်ရှေ့မှ စုပေါင်း လမ်းလျှောက်ကာ ပြည်သူလေးသောင်း ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ လူထုလမ်းလျှောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့ရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ စုပေါင်းလမ်းလျှောက်ကြသည်။

ယင်း စုပေါင်းလမ်းလျှောက်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း (အထူးတန်း) ဝင်ပေါက်ရှေ့မှ စတင်တာလွှတ်၍ ဦးထောင်ဗိုလ်အဝိုင်းမှ ကန်တော်ကြီးပတ်လမ်းအတိုင်း၊ လက်ယာကပ်လျှောက်၍ အထက်ပန်းဆိုးတန်းလမ်းအတိုင်း အောင်ဆန်းအားကစားပြိုင်ဝင်း အရှေ့ပေါက်သို့ ပြန်လည်ပန်းဝင်ကာ ပြည်သူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအစီအစဉ် အတွဲအမှတ် ၁၊ ၂ တို့နှင့် Myanmar Fitness Dance လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

**အေကေလင်း**
**ဓာတ်ပုံ-ဗလစိုး**



**❍ ကျော်ဖုံးမှ**

နေပြည်တော်နှင့် တနင်္သာရီ၊ မွန်နှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပနေပြီး အုပ်စု (က) တွင် ရှမ်း (အရှေ့)၊ ကရင်၊ ပဲခူး၊ ကယား၊ ဧရာဝတီ၊ အုပ်စု (ခ) တွင် ရှမ်း (တောင်)၊ စစ်ကိုင်း၊ ရခိုင်၊ ရှမ်း (မြောက်)၊ အုပ်စု (ဂ) တွင် ကချင်၊ မန္တလေး၊ ရန်ကုန်၊ ချင်း၊ အုပ်စု (ဃ) တွင် နေပြည်တော်၊ မွန်၊ မကွေးနှင့် တနင်္သာရီအသင်းတို့ ပါဝင်နေသည်။

**ညီမြတ်သော်တာ**

**✪ ကျော်ဖုံးမှ**

အပြောင်းအလဲပြုလုပ်ခဲ့သည်။ ပထမပိုင်းတွင် စစ်ကိုင်းအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး မြန်မာ ယူ-၂၁ အသင်းသည် မိနစ် ၃၀ နောက်ပိုင်းမှ ဂိုးပေါက်ခြိမ်းခြောက်မှု ပြုလုပ်နိုင်ခဲ့သည်။ စစ်ကိုင်းအသင်းသည် ပထမပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးများရသော်လည်း တိုက်စစ်မှူးအဖြစ် ကစားခဲ့သည့် ဖရိုင်းဒေး အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မြန်မာ ယူ-၂၁ အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို တိုက်စစ်မှူး စိုးလွင်လွင်က သွင်းယူခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် တက္ကသိုလ် လက်ရွေးစင်အသင်း၊ မြန်မာ နေရှင်နယ်လိဂ်ကလပ်အသင်းများဖြစ်သည့် ဒဂုံ၊ စစ်ကိုင်းအသင်းတို့နှင့် ခြေစမ်းကစားထားရာ သုံးပွဲစလုံး အနိုင်ရထားသည်။ မြန်မာ ယူ-၂၁ အသင်းသည် ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲတစ်ပွဲ ထပ်မံကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**


## ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ (ဗုဒ္ဓဂယာ) သို့ ပိုသမေတ္တာ မုဒိတာများ ☎ ၀၉-၅၆၀၀၁၂၃

၂၃-၁၁-၂၀၁၈ အောင်ခိုင်ဆင့် ☎ ၀၉-၄၂၀၀၆၆၈၈၄
- နတ်ပြည်တွင် ဗိမ္မာန်များ ပေါ်ပေါက်နေလောက်ပါပြီ။ ဒေါ်ခင်ပြုံးရီ (လှိုင် ၀၉-၂၆၃၆၉၀၇၃၀)
- အထူးကောင်းမွန် ချီးကျူးအပ်ပါသည်။ ဦးအောင်မင်းဦး (မန္တလေး ၀၉-၄၃၁၀၆၆၆၁)
- (၃)ခေါက်မြောက်ထပ်သွားပါမည်။ ဒေါ်မြင့်မြင့်ကြည် (ကြည့်မြင်တိုင် ၀၉-၂၆၀၇၂၁၂၇၇)
- အထူးကျေနပ်အားရမိပါသည်။ ဒေါ်တင်ကြိုင် (မုံရွာ ၀၉-၉၆၀၈၅၃၅၈၅)
- ဒီထက်မက အောင်မြင်ကြီးပွားပါစေ။ ဒေါ်နွယ်နီဝင်း (အလုံ ၀၉-၂၅၀၅၀၀၄၁၀)
- တတိယအကြိမ် ထပ်မံတွေ့ဆုံချင်ပါသည်။ ဒေါ်ဖြူဖြူလွင် (အလုံ ၀၉-၅၁၅၀၂၅၇)
- ဒီထက်မက အောင်မြင်ပါစေ။ ဒေါ်ဦးလှယဉ် (နေပြည်တော် ၀၉-၂၆၅၅၄၆၆၉၀)
- ကျေနပ်အားရမိပါသည်။ ဒေါ်သန်းအေး(စမ်းချောင်း ၀၉-၉၆၀၈၅၃၅၈၅)
- အမြဲကျေးဇူးတင်နေပါမယ်ရှင်။ ဒေါ်စန်းစန်းအုန်း (ရွှေဘို ၀၉-၉၆၀၈၅၃၅၈၅)

၂၄-၁၁-၂၀၁၈ ဖြိုးလင်းကျော် ☎ ၀၉-၂၅၀၀၁၉၉၄၂
- (၈)နှစ် (၈)ကြိမ်မြောက်လာခြင်းတွင် မရောက်ဘူးသော ပုဗ္ဗာရုံ၊ Black Buddha ၊ ဦးစန္ဒြာမထိကျောင်း ၊ မဂဓတက္ကသိုလ် တို့ကို ပထမအကြိမ်ရောက်ဘူး၍ အထူးကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း။ ဒေါ်ကြည်လှဝင်း (တောင်ဥက္ကလာ ၀၉-၄၅၄၆၈၅၄၀၉)
- အောင်မြင်တိုးတက်ပါစေ။ ဒေါ်သန်းသန်းအေး (မအူပင် ၀၉-၇၈၁၅၈၂၄၁၁)
- ပြောစရာမလိုလောက်အောင်ကို အထူးကောင်းပါသည်။ ဦးသာလှ (စစ်တွေ ၀၉-၂၅၃၀၈၀၃၄၉) ဒေါ်သာနုအေး (စစ်တွေ ၀၉-၂၅၃၀၈၀၃၄၉)
- ကမ္ဘာတည်သရွေ့မမေ့ပါ။ ဒေါ်မြမြဝင်း (ရန်ကင်း ၀၉-၇၉၀၄၄၂၂၀၇)
- အထူးကျေးဇူးတင်ပါသည်။ ဒေါ်စိန်လှ (ဒလ ၀၉-၄၂၀၂၄၃၂၄၀) မကေသွယ်သွယ်ဟန် (မအူပင် ၀၉-၉၆၂၃၁၆၈၃၅) ကိုထွန်းထွန်း (မင်းဘူး ၀၉-၇၉၁၈၄၇၂၄၉)
- ကြီးပွားတိုးတက်ပါစေ။ ဒေါ်မြသန်းနွယ် (မအူပင် ၀၉-၈၅၈၅၉၅၇)
- ကျေးဇူးတင်ပါသည်။ ဒေါ်ခိုင်ခိုင်ဝင့် (မအူပင် ၀၉-၇၉၄၅၉၂၅၇၂)

## မြန်မာ့ရုပ်မြင်သံကြား

၂-၁၂-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၁၅ - "မသန်ပေမယ့် စွမ်းနိုင်သူတစ်ဦးနှင့် သူ၏ဘဝရည်မှန်းချက်"
- ၁၀း၀၀ - Sunday Talk
- ၁၁း၃၀ - BBC ခံစားကြည့်
- ၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "ဣတ္ထိယ" မောင်မောင်အေး၊ ခင်ခင်ရီ ဒါရိုက်တာ-ဆရာခန့်

**ညပိုင်း**

- ၁၆း၃၅ - "ပန်းတစ်ပွင့်ရဲ့ အနာဂတ် ခရီးလမ်း"
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၄၅)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "အမှောင်ကိုခွင်း၍ အလင်းဆောင်မည်"
- တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
- မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း "ရေဒီယိုအငြိမ့်" မင်းသမီး-ခိုင်မာလွင်၊ လူရွှင်တော်-ပေါ်ဦး၊ လိုင်ဘွား၊ ဝမ်းတူး၊ ဂျယ်လီ

# ဖားကန့်မြို့နယ်၌ ငွေကျပ်သိန်း ၂၀၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ဖားကန့် ဒီဇင်ဘာ ၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ နိုဝင်ဘာ ၃၀ ရက် ည ၈ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃)မှ ယာယီရဲမှူး-ဆန်းထွန်း၏ ကြီးကြပ်မှုဖြင့် ရဲအုပ် နေလင်းထွန်း ဦးစီးအဖွဲ့နှင့် နယ်မြေခံ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ရပ်ကွက်(၁)အမှတ်(၂၃၉)နေ ဝင်းခိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ဖမ်းဆီးရမိခဲ့သည်။

နိုဝင်ဘာ ၃၀ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် ဆိပ်မူကျေးရွာ ရပ်ကွက်(၁) ရန်နိုင်ထွန်း ရေခဲစက်အနီး လမ်းမပေါ်တွင် ဆိုင်ကယ်ဖြင့်တွေ့ရှိသူ အားဆန်း(ခ)စိန်ဝင်းကို ရှာဖွေရာ ဘိန်းဖြူ ၁၀ ဂရမ်ခန့်စီပါ ရောင်စုံဆပ်ပြာ ခွက် ၁၈ ခွက် (အလေးချိန် ၁၈၀ ဂရမ်) ကာလတန်ဖိုး ငွေကျပ်သိန်း ၁၇၁ သိန်းကို ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ နိုဝင်ဘာ ၃၀ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် အားဆန်း(ခ)စိန်ဝင်း ငှားရမ်းနေထိုင်သည့် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မော်ရှန်ကျေးရွာ အမှတ် C/၁၀၃ နေအိမ် အိပ်ခန်း အတွင်းမှ ဘိန်းဖြူ ၁၀ ဂရမ်ခန့်စီပါ ရောင်စုံဆပ်ပြာခွက် ၃၉၇ ခွက် အလေးချိန် ၃ ဒသမ ၉၇ ကီလို (ကာလတန်ဖိုး ငွေကျပ် သိန်းပေါင်း ၃၇၇၁ ဒသမ ၅ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၀၀၀ (ကာလတန်ဖိုး ငွေကျပ်သိန်း ၁၇၀၀၀ )နှင့် ဘိန်းဆီခဲ ၁၁ ဒသမ ၂ ကီလို(ကာလတန်ဖိုး ငွေကျပ် ၅၃၇ ဒသမ ၆ သိန်း)စုစုပေါင်း ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၁၄၉၀ ဒသမ ၁ သိန်းတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**စိုးနိုင်ဦး(ဖားကန့်)**



## မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၃၇၅၀ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၃၀ ရက် ည ၈ နာရီခန့်တွင် ကင်းလှည့်စဉ် မောင်တောမြို့နယ် (၃)မိုင် ကျီးကန်းပြင်ကားလမ်းဘေးချောင်းအနီး၌ ဆာလာအိတ် တစ်အိတ်ထမ်းကာ လမ်းလျှောက်လာသူ အမျိုးသား နှစ်ဦး(စိစစ်ဆဲ)ကို တွေ့ရှိ၍ ရပ်တန့်ရန်တားဆီးစဉ် ဆာလာအိတ်ကို ပစ်ချထွက်ပြေးသွားခဲ့သည်။ အဆိုပါဆာလာအိတ်ကို ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးရာ WY စိတ်ကြွရူးသွပ်ဆေးပြား ၂၄၃၇၅၀ (တစ်ပြားလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၇၃၁၂ ဒသမ ၅ သိန်း)ကို သိမ်းဆည်းရမိခဲ့သဖြင့် မောင်တောမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

## မိုင်းပန်၊ ပင်လောင်း၊ ဖယ်ခုံ၊ ကျိုင်းတုံ၊ မိုင်းတုံနှင့် တွန်းဇံမြို့နယ်တို့၌ ဘိန်းခင်းများဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁**

မိုင်းပန်မြို့နယ် နားမွန်းကျေးရွာအုပ်စု၌ မိုင်းပန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က နိုဝင်ဘာ ၃၀ ရက်တွင် အမြင့် နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၂ ဒသမ ၅ ဧကခန့်ကို ဖျက်ဆီးခဲ့သည်။

အလားတူ ပင်လောင်းမြို့နယ် ကောင်ထိုကျေးရွာနှင့် ပင်စုံကျေးရွာတို့၌ ဘိန်းစိုက်ခင်း ၂၂ ဒသမ ၅ ဧကခန့်၊ ဖယ်ခုံမြို့နယ် ဘီကင်းကျေးရွာနှင့် ကောင်းစံကျေးရွာတို့၌ ဘိန်းစိုက်ခင်း ၁၉ ဒသမ ၅ ဧကခန့်၊ ကျိုင်းတုံမြို့နယ် ဘုံဘီးကျေးရွာ၌ ဘိန်းစိုက်ခင်း နှစ်ဧကခန့်၊ မိုင်းတုံမြို့နယ် ပါချီးကျေးရွာ၌ ဘိန်းစိုက်ခင်း လေးဧကခန့်၊ တွန်းဇံမြို့နယ် တပ်ဇန်ကျေးရွာပါ နှစ်ရွာတို့၌ ဘိန်းစိုက်ခင်း ကိုးဧကခန့်တို့ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

## ဒုဋ္ဌဝတီမြစ်အတွင်း ဇောက္ကွင်းစီးမျောပါသွားသော ကိုရီးယားနိုင်ငံသူ၏ ရုပ်အလောင်းတွေ့ရှိ

**သီပေါ ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် မိုးတေကျေးရွာ ဒုဋ္ဌဝတီမြစ်ကူးတံတားအနီးရှိ မြစ်အတွင်း၌ နိုဝင်ဘာ ၂၃ ရက်က ကမ္ဘာလှည့်ခရီးသွား ကိုရီးယားနိုင်ငံသူတစ်ဦး ဇောက္ကွင်းစီးပြီး ရေစီးနှင့်အတူ မျောပါရေနစ်ခဲ့ကြောင်း သိရသည်။

ယနေ့တွင် ချောင်းဆုံကျေးရွာမှ ရွာသားများသတင်းပေးပို့ချက်အရ ကိုရီးယားနိုင်ငံသူ၏ရုပ်အလောင်းဟုယူဆရသော ရုပ်အလောင်းကို သီပေါမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်စည်းမခြားပရဟိတအဖွဲ့ခေါင်းဆောင် ဦးမျိုးလွင်နှင့်အဖွဲ့တို့က စက်လှေများဖြင့်သွားရောက်ဆယ်ယူပြီး သီပေါပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**




# သုံးနိုင်ငံ ကုန်သွယ်ရေး သဘောတူညီချက်အသစ်ကို အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါတို့ လက်မှတ်ရေးထိုး

**ဗျူနိုအေရိစ် ဒီဇင်ဘာ ၁**
အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့မှ ခေါင်းဆောင်များသည် နိုဝင်ဘာ ၃၀ ရက်က မြောက်အတ္တလန္တိတ် လွတ်လပ်သော ကုန်သွယ်မှုအဖွဲ့ စာချုပ် (နာ့ဖ်တာ) ဟောင်းနေရာတွင် ကြီးမားသည့် ဒေသတွင်းကုန်သွယ်မှု သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

စက်မှုဖွံ့ဖြိုးသည့် နိုင်ငံပေါင်း ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမစမီ အာဂျင်တီးနားနိုင်ငံသည် အဆိုပါသဘောတူညီချက်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုးနှင့် မက္ကဆီကိုသမ္မတ အန်းရစ်ပီနာနီတိုးတို့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အမေရိကန်၊ မက္ကဆီကို၊ ကနေဒါ သဘောတူညီချက် (ယူအက်စ်အမ်စီအေ) ဟုခေါ်သည့် အဆိုပါ သဘောတူညီချက် အသက်ဝင်လာရန် သက်ဆိုင်ရာ နိုင်ငံများက လွှတ်တော်တွင် အတည်ပြုချက်ရယူရမည်ဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေး သဘောတူညီမှုအရ သုံးနိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိလာမည်ဖြစ်သည်။

သဘောတူညီချက်အသစ်သည် ယခင်ကရှိခဲ့သည့် မြောက်အတ္တလန္တိတ် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက် (နာ့ဖ်တာ) ကို အစားထိုးလိုက်ခြင်းဖြစ်သည်။

နာ့ဖ်တာ သဘောတူညီချက် စတင်အသက်ဝင်ခဲ့သည့် ၁၉၉၄ ခုနှစ်မှစကာ အမေရိကန် ကုန်ထုတ်လုပ်ငန်းများတွင် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ပြီး သမိုင်းတွင် အဆိုးရွားဆုံး ကုန်သွယ်ရေးစာချုပ်ဖြစ်ကြောင်း သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလတွင် အပြင်းအထန် ဝေဖန်ခဲ့သည်။

ယခုချုပ်ဆိုခဲ့သည့် စာချုပ်သစ်ကြောင့် အမေရိကန်နှင့် မြောက်အမေရိကသို့ ငွေကြေးများ၊ အလုပ်အကိုင်များ အလုံးအရင်းနှင့် ဝင်ရောက်လာမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

သို့သော်လည်း လေ့လာသုံးသပ်သူအချို့က ယခုသဘောတူညီချက်အသစ်သည် ယခင်ကရှိခဲ့သည့် စာချုပ်နှင့် ကြီးကြီးမားမား ကွာခြားမှုမရှိကြောင်း ထောက်ပြခဲ့သည်။ **အေအက်ဖ်ပီ**


နာ့ဖ်တာ ကုန်သွယ်ရေးသဘောတူညီချက်အသစ်ကို လက်မှတ်ရေးထိုးလိုက်သည့် မက္ကဆီကိုသမ္မတ၊ အမေရိကန်သမ္မတနှင့် ကနေဒါဝန်ကြီးချုပ်တို့ကို တွေ့ရစဉ်။

## ၄၁ ဦးမြောက် အမေရိကန်သမ္မတ ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ် ကွယ်လွန်

**ဝါရှင်တန် ဒီဇင်ဘာ ၁**
စစ်အေးတိုက်ပွဲများပြီးဆုံးသည်အထိ ဂိုဘာချော့ဗ်နှင့်အတူ ခေါင်းဆောင်မှုပေးခဲ့သော ယခင်အမေရိကန်သမ္မတ ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ်သည် အသက် ၉၄ နှစ်အရွယ်တွင် ကွယ်လွန်သွားကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ်သည် နိုဝင်ဘာ ၃၀ ရက် ညနေပိုင်းက ကွယ်လွန်ခဲ့ကြောင်း ၎င်း၏ရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။ အမေရိကန်သမ္မတဟောင်း ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ်သည် အမေရိကန်နိုင်ငံ၏ ၄၁ ဦးမြောက် သမ္မတဖြစ်သည့်အပြင် ၄၃ ဦးမြောက် အမေရိကန်သမ္မတဖြစ်သူ ဂျော့ဂျ်ဒဗလျူ ဘုရှ်၏ ဖခင်လည်းဖြစ်သည်။

ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ်သည် ၁၉၆၆ ခုနှစ် တက္ကဆက်တွင် အောက်လွှတ်တော်တစ်နေရာ ရွေးချယ်ခြင်းခံရပြီးနောက် ၎င်း၏ နိုင်ငံရေးအလုပ်ကို စတင်လျှောက်လှမ်းခဲ့သည်။ ၎င်းသည် စီအိုင်အေညွှန်ကြားရေးမှူး ထိုမှတစ်ဖန် အမေရိကန်သမ္မတ ရော်နယ်လ်ရေဂင် လက်အောက်တွင် ဒုတိယသမ္မတအဖြစ် ရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး အမေရိကန်နိုင်ငံ၏ ၄၁ ဦးမြောက်သမ္မတ ဖြစ်လာခဲ့သည်။

ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ်သည် ဆိုဗီယက်ခေါင်းဆောင် ဂိုဘာချော့ဗ်၏ မူဝါဒပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် အားတက်သရော ကူညီထောက်ပံ့မှုများ လုပ်ဆောင်ခဲ့သည်။ ၁၉၈၉ ခုနှစ် မော်လ်တာအစည်းအဝေးတွင် ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ်နှင့် ဂိုဘာချော့ဗ်တို့သည် စစ်အေးကာလ ပြီးဆုံးပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ အီရတ်တပ်ဖွဲ့များ အိမ်နီးချင်း ကူဝိတ်သို့ ပင်လယ်ကွေ့စစ်ပွဲဖြစ်ပွားစေခဲ့သည့် ၁၉၉၀ ပြည့်နှစ်တွင် ကျူးကျော်တိုက်ခိုက်ခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ်သည် အီရတ်ကို အပြင်းအထန်ဝေဖန်ခဲ့သည်။

အီရတ်တပ်ဖွဲ့များ ကူဝိတ်မှ ဆုတ်ခွာသွားရေး ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ်ကိုယ်တိုင် ဦးဆောင်ကာ ပင်လယ်ကွေ့စစ်ပွဲတွင် ပါဝင်ခဲ့သည်။ သို့သော် အမေရိကန် စီးပွားရေး ဆိုးရွားမှုများ ကြုံတွေ့လာသည့်အခါတွင် ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ်ကို ထောက်ခံမှုများ ကျဆင်းလာခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ်တွင် အမေရိကန်သမ္မတ ဒုတိယသက်တမ်းအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဒီမိုကရက်မှ ဘီလ်ကလင်တန်ကို ရှုံးနိမ့်ခဲ့သည်။

နိုဝင်ဘာလက ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ်သည် အသက်အရှည်ဆုံးနေထိုင်ခဲ့သည့် အမေရိကန် သမ္မတဟောင်းတစ်ဦး ဖြစ်လာခဲ့သည်။ ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ်၏ ကျန်းမာရေးသည် ၎င်း၏ဇနီး ဘာဘရာ ကွယ်လွန်သွားခဲ့သည့် ဧပြီလမှစကာ တဖြည်းဖြည်း ဆိုးရွားလာခဲ့သည်။

**အင်န်အိတ်ချ်ကေ**



၄၁ ဦးမြောက် အမေရိကန်သမ္မတ ဂျော့ဂျ်အိတ်ချ် ဒဗလျူဘုရှ်ကို တွေ့ရစဉ်။

## ဘရစ်ခ်ခေါင်းဆောင်များ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြုပြင်ပြောင်းလဲမှုအပေါ် ဘုံရပ်တည်ချက်ကြေညာ

**ဗျူနိုအေရိစ် ဒီဇင်ဘာ ၁**
ဖွံ့ဖြိုးဆဲနိုင်ငံများအဖွဲ့ (ဘရစ်ခ်) ခေါင်းဆောင်များသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြုပြင်ပြောင်းလဲမှုအပေါ် ၎င်းတို့၏ ဘုံရပ်တည်ချက်များကို နိုဝင်ဘာ ၃၀ ရက်က ကြေညာခဲ့ကြောင်း သိရသည်။

ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံ ခေါင်းဆောင်များသည် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးနှင့် တွဲလျက်ပြုလုပ်သော အစည်းအဝေးတွင် တွေ့ဆုံခဲ့ကြခြင်းဖြစ်ပြီး ယခုကဲ့သို့ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ဘရစ်ခ်ခေါင်းဆောင်များသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဗဟိုတန်ဖိုးများနှင့် အခြေခံမှုများကို ထိန်းသိမ်းစောင့်ရှောက်ရန် သဘောတူခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က အဖွဲ့ဝင်နိုင်ငံများအားလုံး၊ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံချင်းစီ၏ အကျိုးစီးပွားများကို အကောင်အထည်ဖော်သင့်ကြောင်း ကြေညာချက်တွင် ဖော်ပြခဲ့ကြသည်။

**ဆင်ဟွာ**

## ဆီးရီးယားကို အစ္စရေးတို့တိုက်ခိုက်သည်ဟု ဒမတ်စကတ်စွပ်စွဲ

**ဒမတ်စကတ် ဒီဇင်ဘာ ၁**
ဆီးရီးယားကို အစ္စရေးတို့က တိုက်ခိုက်သည်ဆိုကာ ဒမတ်စကတ်က မကြာသေးမီက စွပ်စွဲပြောကြားလိုက်ကြောင်း သိရသည်။ စက်တင်ဘာလတွင် ရုရှားလေယာဉ် ပစ်ချခံရပြီးနောက် လေကြောင်းရန်ကာကွယ်ရေး အဆင့်မြှင့်လိုက်သည့် အချိန်မှစကာ ယခုကဲ့သို့ ဆီးရီးယားနိုင်ငံအနေဖြင့် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့များက ပြောသည်။

ဆီးရီးယားအစိုးရက ၎င်း၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များက တိုက်ခိုက်လာသမျှ ပစ်မှတ်များကို ချေဖျက်ပစ်ခတ်နိုင်ခဲ့ကြောင်း မကြာသေးမီက ပြောကြားခဲ့သည်။

အစ္စရေးတို့က မည်သည့်ကျူးကျော်တိုက်ခိုက်မှုမျှ လုပ်ဆောင်ခြင်း မရှိကြောင်း ပြောခဲ့ပြီး မည်သည့်ဆုံးရှုံးမှုမှုလည်း မရှိကြောင်း ပြောခဲ့သည်။

အစ္စရေးတို့၏ ရန်လိုသော ကျူးကျော်မှုများသည် ဒမတ်စကတ်တောင်ပိုင်း ကစ်ဝ့်ါဟ်ဒေသကို ဦးတည်ပြုလုပ်ခဲ့သည့်အကြောင်းကြောင့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ကုလသမဂ္ဂကို အပြစ်တင်လိုက်ကြောင်း သိရသည်။

ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ အဆိုအရ တိုက်ခိုက်မှုသည် ဒမတ်စကတ်ပြည်နယ် တောင်ပိုင်းရှိ နေရာနှစ်ခုကို ထိမှန်ခဲ့ကြောင်း၊ ထိမှန်ခဲ့သည့် နေရာနှစ်ခုအနက် တစ်ခုမှာ ကစ်ဝ့်ါဟ်ဒေသရှိ အီရန်တို့၏ လက်နက်သိုလှောင်ရုံတစ်ခု ဖြစ်ကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့များသည် တစ်နာရီခန့်ကြာ ဗုံးကြဲတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ အကြီးအကဲဖြစ်သူ ရာမီအက်ဒယ်ရာမန်က ပြောကြားခဲ့သည်။

ဒုံးကျည်ထိမှန်ခဲ့သည့် နေရာနှစ်ခုစလုံးမှာ ကစ်ဝ့်ါဟ်ဒေသရှိ လက်ဘနွန်နွယ်ဖွား ဟစ်ဇ်ဘိုလာ (စစ်သွေးကြွ) အုပ်စုများနှင့် အီရန်တပ်ဖွဲ့ဝင်များ၏ လက်နက်သိုလှောင်ရုံများဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ အကြီးအကဲဖြစ်သူက ဆက်လက်ပြောကြားခဲ့သည်။

ထို့အတူ နောက်ထပ် ဒုံးကျည်တစ်ခုမှာ ဆီးရီးယားတပ်ဖွဲ့များ အခြေစိုက်ရာ ဟာဖာဒေသကို ထိမှန်ခဲ့ကြောင်း ဗြိတိန်အခြေစိုက် လေ့လာစောင့်ကြည့်ရေးအဖွဲ့က ဆိုသည်။ လေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ကနဦးသတင်းဖော်ပြချက်အရ သေဆုံးသူမရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**


ဆီးရီးယား အက်စ်-၃၀၀ မြေပြင်ဝေဟင်ပစ်ဒုံးကျည် ပစ်ခတ်မှုကို တွေ့ရစဉ်။

# ဇရာအိုဦးရေ မြင့်တက်မှုက ဂျပန်နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအားကို ကျဆင်းစေမှာလား

## ထွန်းသစ်စ

**အာရှနိုင်ငံတွေကို ကြည့်လိုက်မယ်ဆိုရင် တိုးတက်မှုတွေ တွေ့မြင်နေရသလို ဆုတ်ယုတ်မှုတွေလည်း အတူတကွ ဖြစ်ပေါ်လျက်ရှိပါတယ်။ တိုးတက်မှုနဲ့ ဆုတ်ယုတ်မှုဆိုတာ အမြဲဒွန်တွဲနေတယ်ဆိုတာ ငြင်းမရပါဘူး။ အာရှနိုင်ငံတွေထဲကမှ ဒီကနေ့ ဂျပန်နိုင်ငံကို ပြန်ကြည့်မယ်ဆိုရင် စီးပွားရေးဆိုင်ရာ တိုးတက်မှုတွေ တွေ့မြင်နေရသော်လည်း လျော့နည်းသွားတဲ့လုပ်အားတွေ ရှိနေတာကို တွေ့မြင်ရပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုရင် လတ်တလောဂျပန်နိုင်ငံမှာ သက်ကြီးလူဦးရေတိုးပွားနှုန်း မြင့်တက်လာလို့ပဲ ဖြစ်ပါတယ်။**

### သုံးသပ်မှုတွေ လုပ်ဆောင်

ဟုတ်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ လျော့နည်းသွားတဲ့ လုပ်အားနဲ့ တိုးပွားလာတဲ့ ဇရာအိုလူဦးရေတို့ကို ဖြေရှင်းဖို့ လူဝင်မှုကြီးကြပ်ရေးအပေါ် အပြုသဘောဆောင်တဲ့ အမျိုးသားအဆင့်ဆွေးနွေးမှုတွေ လုပ်သင့်တယ်လို့ ကိုကူရှီကန် တက္ကသိုလ်မှ ပါမောက္ခတစ်ဦးက သုံးသပ်ထားပါတယ်။

ဂျပန်နိုင်ငံရဲ့လျော့နည်းသွားတဲ့ လူဦးရေ အပေါ် လျင်လျင်မြန်မြန် အဖြေရှာမှုတွေလုပ်ဆောင် ရတော့မှာပဲ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှစကာ ဂျပန်နိုင်ငံရဲ့စုစုပေါင်း လူဦးရေဟာ ဆက်တိုက်ကျဆင်းလာခဲ့ပါတယ်။

ဂျပန်နိုင်ငံရဲ့ ဇရာအိုလူဦးရေဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးအဆင့်ကို ရောက်နေပါတယ်။ တခြားဘယ်နေရာမှာမှ မတွေ့ဖူးသေးတဲ့ ပမာဏနဲ့ မြင့်တက်လာတာပဲ ဖြစ်ပါတယ်။ လူဦးရေနဲ့ လူမှုလုံခြုံရေးသုတေသန အမျိုးသား အင်စတီကျု (အိုင်ပီအက်စ်အက်စ်)က လက်ရှိ ဂျပန်နိုင်ငံရဲ့ စုစုပေါင်း လူဦးရေ ၁၂၆ သန်းနဲ့ နှိုင်းစာရင် လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ၁၁၀ ဒသမ ၉၂ သန်းလောက်သာ ရှိတော့မှာဖြစ်တယ်လို့ ခန့်မှန်းထားပါတယ်။ အဲဒီစုစုပေါင်း လူဦးရေထဲမှာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သို့မဟုတ် အလုပ်လုပ်နိုင်စွမ်း ပမာဏ အသက် ၁၅ နှစ်မှ ၆၄နှစ်အထိဟာ ပျမ်းမျှအားဖြင့် ပြောရမယ်ဆိုရင် ၅၉ ဒသမ ၇၈ ရာခိုင်နှုန်းနဲ့ အသက်ကြီးပိုင်းပမာဏ အသက် ၆၅ နှစ်နဲ့ အထက်ဟာ ၃၅ ဒသမ ၃ ရာခိုင်နှုန်းလောက် ရလာမှာဖြစ်တယ်လို့ သုံးသပ်ထားပါတယ်။

အိုင်ပီအက်စ်အက်စ်က လာမယ့် ၂၀၆၅ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့လူဦးရေဟာ ၈၈ ဒသမ ၀၈ ရာခိုင်နှုန်းလောက် ဆက်လက်ကျဆင်းလာနိုင်ကြောင်း၊ အဲဒီလူဦးရေထဲမှာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သို့မဟုတ် အလုပ်လုပ်နိုင်စွမ်းပမာဏ အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိဟာ ပျမ်းမျှအားဖြင့် ပြောရမယ်ဆိုရင် ၄၅ ဒသမ ၂၉ ရာခိုင်နှုန်းနဲ့ အသက်ကြီးပိုင်းပမာဏ အသက် ၆၅ နှစ်နဲ့ အထက်ဟာ ၃၈ ဒသမ ၄ ရာခိုင်နှုန်းလောက် ရှိမယ်လို့ ဆက်လက်ခန့်မှန်း တွက်ချက်ထားပါတယ်။

### ကြောက်စရာကောင်း

ဒါဟာကြောက်စရာကောင်းပါတယ်။ ခန့်မှန်းထားသလိုသာ ဇရာအိုလူဦးရေ ဆက်တိုက်တိုးတက်မှုတွေဖြစ်ပေါ်လာပါက နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအားတွေ ကျဆင်းလာနိုင်ခြေ ရှိပါတယ်။ နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအားတွေ ကျဆင်းလာမယ်ဆိုပါက နိုင်ငံတိုးတက်မှုလည်း ကျဆင်းလာမှာပဲ ဖြစ်ပါတယ်။ ဒါဆိုရင် ဘယ်လိုလုပ်မလဲ။ နိုင်ငံတကာက ရွှေ့ပြောင်း အလုပ်သမားတွေ အားကိုးမလား။

လတ်တလောမှာတော့ ဂျပန်နိုင်ငံဟာ သူ့ရဲ့ ကျဆင်းလာနေတဲ့ လူဦးရေနဲ့ လုပ်သားအင်အား ပြတ်လပ်မှုကို ရွှေ့ပြောင်းအခြေချမှု တစ်ခုတည်းနဲ့ အစားထိုးလျက်ရှိပါတယ်။ အကယ်၍ လူဦးရေ လျော့နည်းကျဆင်းလာမှုဟာ ဂျပန်လူ့ဘောင် အဖွဲ့အစည်းကို ထိခိုက်မှုရှိတယ်ဆိုရင် လူဝင်မှုကြီးကြပ်ရေးကိုသာ တိုးမြှင့်ဖို့ စတင်လုပ်ဆောင်ဖို့ပဲရှိပါတယ်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှာ အစိုးရတာဝန်ယူပြီးနောက် သူ့ရဲ့ အာဘေးစီးပွားရေးတိုးတက်မှု မဟာဗျူဟာကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ သို့သော်လည်း လူဦးရေလျော့နည်းကျဆင်းလာမှုဟာ ဂျပန်နိုင်ငံအတွက် အဓိကစိန်ခေါ်မှုကြီးတစ်ခု ဖြစ်လာပါတယ်။ ဂျပန်နိုင်ငံဟာ လူဦးရေလျော့နည်းကျဆင်းနေတာတောင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ လူငယ်လူရွယ်တွေဟာ ပြေးလွှား ရုန်းကန်လှုပ်ရှားနေကြရပါတယ်။ ဒီလိုအခြေအနေမှာ နိုင်ငံခြား လူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးပြုမှုဟာ မြင့်တက်လာပြီး ၎င်းနဲ့



ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်နေသည့် ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အိုများကို တွေ့ရစဉ်။

သက်ဆိုင်တဲ့ မူဝါဒတွေဟာလည်း လျင်လျင်မြန်မြန်ပဲ ထွက်ပေါ်လို့လာခဲ့ပါတယ်။

ဂျပန်အစိုးရဟာ သူ့ရဲ့နိုင်ငံခြားသားအလုပ်သမားတွေကို အလုပ်သင်ကျွမ်းကျင်ပြီး အလုပ်စနစ်နဲ့ လက်ခံတဲ့အခြေအနေကို တိုးမြှင့်ခဲ့ပါတယ်။ အလုပ်သင်ကျွမ်းကျင်ပြီး အလုပ်စနစ်နဲ့ လက်ခံတဲ့ အလုပ်သမားတွေဟာ လတ်တလောလုပ်သားအင်အားပြတ်လပ်မှုကို ခဏတာ သက်သာစေနိုင်သော်လည်း ရေရှည်ကာလတွေမှာ လူဦးရေလျော့နည်းမှုကို ဖြေရှင်းနိုင်မယ်မထင်ပါဘူး။ ရွှေ့ပြောင်းအခြေချသူတွေ ပိုမိုလက်ခံတာကို အစိုးရကော်မတီမှာ ၂၀၁၄ ခုနှစ် ဇွန်လမှာ ဆွေးနွေးခဲ့သော်လည်း အာဘေးအစိုးရဟာ နိုင်ငံခြားသား လူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးပြုတာဟာ လုံးဝပြည့်စုံမှန်ကန်တဲ့ နည်းလမ်းမဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း သိစေခဲ့ပြီး ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ သူ့ရဲ့လူဦးရေကို လာမယ့် နှစ် ၅၀ အတွင်းမှာ သန်း ၁၀၀ လောက်မှာပဲ ရှိစေချင်တာပါ။

အဲဒီရည်မှန်းချက်ကိုရောက်ဖို့ အစိုးရရဲ့ခန့်မှန်းခြေဟာ ဘာကိုညွှန်ပြသလဲဆိုတော့ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ ကလေးမွေးဖွားနှုန်းဟာ ၁ ဒသမ ၈ ရာခိုင်နှုန်းထိ ရှိရမှာဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်မှာတော့ ကလေးမွေးဖွားနှုန်းဟာ ၂ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ရောက်ရမယ်လို့ ဆိုထားပါတယ်။ သို့သော်လည်း အမှန်စင်စစ် ၂၀၁၆ မှာတော့ ကလေးမွေးဖွားနှုန်းဟာ ၁ ဒသမ ၄၄ ရာခိုင်နှုန်းခန့်သာ ရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်မှာလည်း ကလေးမွေးဖွားနှုန်းဟာ ထင်သလောက် တက်မလာခဲ့ပါဘူး။

### လူဦးရေတိုးပွားဖို့

ဒါကြောင့် လူဦးရေ တိုးပွားဖို့ဆိုရင် လူမှုသဘာဝပတ်ဝန်းကျင်ကို တိုးတက်စေမယ့် ကောင်းတဲ့ အကြံမှန်သမျှကို ကြိုဆိုရမှာဖြစ်ပါတယ်။ ဥပမာ ကလေးမွေးဖွားခြင်းနှင့် ကလေးငယ်တွေကို ကြီးပြင်းလာအောင် စောင့်ရှောက်ခြင်းဆိုတဲ့ ကောင်းတဲ့ အကြံတွေကို ကြိုဆိုရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကလေးမွေးဖွားနှုန်းကို ကြည့်မယ်ဆိုရင် အမှန်တကယ်ပဲ ရည်မှန်းချက်ပေါက်မြောက် အောင်မြင်ပါ့မလားဆိုတာ တိမ်ကင်းစင်တဲ့ လပမာ သံသယအားလုံးတော့ ရှင်းမသွားပါဘူး။ ဆိုလိုသည်မှာ ဖြစ်နိုင်လား မဖြစ်နိုင်လားဆိုတဲ့အပေါ်မှာ ဝိရောဓိ ဖြစ်နေတုန်းပဲ ရှိပါသေးတယ်။

ဆိုခဲ့သလို ဂျပန်အစိုးရဟာ လူဦးရေ လျော့နည်းကျဆင်းလာခြင်းအပေါ် ရေရှည်အစီအစဉ်တွေ ချမှတ်ဖော်ဆောင်သင့်ပါတယ်။ လတ်တလောမှာ ရွှေ့ပြောင်းလုပ်သားအင်အားတွေကို အားကိုးလို့ ရတယ်ဆိုပေမယ့်လည်း ဒါဟာ အမြဲတမ်းတော့ မှန်ကန်တဲ့ နည်းလမ်းတစ်ခုတော့ မဟုတ်နိုင်ပါဘူး။ ရွှေ့ပြောင်းလုပ်သားတွေဆိုတာ အမြဲတမ်းရွှေ့ပြောင်းနေထိုင်အခြေချတဲ့သူတွေဖြစ်ပါတယ်။ ရေကြည်ရာမြက်နုရာဆိုသလို ၎င်းတို့နဲ့သင့်တော်တဲ့ နေရာတွေကို အမြဲတမ်း လှည့်လည်သွားလာ နေထိုင်သူတွေသာ ဖြစ်ပါတယ်။ ဆိုတော့ ဂျပန်အစိုးရအနေနဲ့ ဒီအခြေအနေပေါ်မှာ အမြဲတမ်းယုံကြည်အားကိုးလို့ နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုစွမ်းအားကို မြင့်တင်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

ဒါကြောင့် ဂျပန်အစိုးရဟာ သူ့ရဲ့ အစီအစဉ်ဖြစ်တဲ့ ကလေးမွေးဖွားနှုန်း မြင့်တက်လာအောင် ဆောင်ရွက်ရမှာဖြစ်သလို အဲဒီလို လူမှုပတ်ဝန်းကျင် တိုးတက်မှုဖြစ်လာမယ့် ကလေးမွေးဖွားခြင်း ပြုစုစောင့်ရှောက်ခြင်းတွေကိုလည်း အစိုးရရဲ့အရေးကြီးတဲ့ မူဝါဒတစ်ရပ်အနေနဲ့ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ကလေးမွေးဖွားနှုန်း မြင့်လာလေလေ အသက်ကြီးလူဦးရေတိုးပွားလာမှု လျော့ချရေးကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ ပေးလေလေ ဖြစ်လာမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့လည်း ဆိုခဲ့ပြီးတိုင်း ရွှေ့ပြောင်းအလုပ်သမားတွေဟာ ခဏတာအားကိုးလို့ ရနိုင်သော်လည်း ရေရှည်ကဏ္ဍတွေမှာတော့ ကိုယ့်တိုင်းဌာနီ ကိုယ့်ပြည်က ကိုယ့်မျိုးဆက်သစ်တွေသာ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဂျပန်အစိုးရဟာ သူ့ရဲ့ အနာဂတ်ကလေးငယ်တွေအတွက် တာဝန်ရှိသလို ဂျပန်လူ့အသိုင်းအဝိုင်းထဲသို့ ရောက်လာတဲ့ ရွှေ့ပြောင်းအခြေချသူတွေကိုလည်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရမူဝါဒတွေကို အဘက်ဘက်မှ ထိန်းညှိရင်း လူဦးရေလျော့နည်းကျဆင်းလာမှုကို ဖြေရှင်းနိုင်မယ့် အကောင်းဆုံးနည်းလမ်းတွေရှာဖွေရမှာ ဖြစ်ပါတယ်။ ထိုသို့ လုပ်ဆောင်နိုင်မှ ဂျပန်နိုင်ငံဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်လာမှာ ဖြစ်ပါကြောင်း။ ။

**ကိုးကား-ချန်နယ်နယူးအေးရှ**

> **"ဂျပန်နိုင်ငံရဲ့ ဇရာအိုလူဦးရေဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးအဆင့်ကို ရောက်နေပါတယ်။ တခြားဘယ်နေရာမှာမှ မတွေ့ဖူးသေးတဲ့ ပမာဏနဲ့ မြင့်တက်လာတာပဲ ဖြစ်ပါတယ်။ လူဦးရေနဲ့ လူမှုလုံခြုံရေးသုတေသန အမျိုးသားအင်စတီကျု (အိုင်ပီအက်စ်အက်စ်)က လက်ရှိဂျပန်နိုင်ငံရဲ့ စုစုပေါင်း လူဦးရေ ၁၂၆ သန်းနဲ့ နှိုင်းစာရင် လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ၁၁၀ ဒသမ ၉၂ သန်းလောက်သာ ရှိတော့မှာဖြစ်တယ်လို့ ခန့်မှန်းထား"**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၁၂-၂၀၁၈

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၂၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၂၀ ကျပ် | ၁၀၃၅/၁၀၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၀/၁၀၃၅ ကျပ် | ၁၀၅၀/၁၀၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၅/၈၆၅ ကျပ် | ၉၁၅/၉၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၉၅/၉၄၅ ကျပ် | ၁၀၀၀/၁၀၀၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၃ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၉၂ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၈ · ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၀ · ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၇ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၅၂ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၅၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၅၄၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၀ · ၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ · ၆၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၉၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm


HTOO


MGU
မောင်ဦး


ကာတွန်း
ရွှေချစ်


ကောင်နီ
ငါ့မှာ တစ်ထောင်တန် ပါတယ်ဟေ့၊ အားလုံးပေါင်း နှစ်ထောင်၊
မီးမီးကော...ပြပါဦး၊
ဟယ်! သကြားလုံးတွေ ပေါက်ပေါက်တွေ၊
အဟီး
မီးမီးက သကြားလုံးနဲ့ပေါက်ပေါက် သိပ်ကြိုက်တာ၊
သူ့အရွယ်နဲ့သူ အကြိုက်ချင်းမတူဘူးဟ၊


ဒင်း ဒေါင်...
ဒင်း ဒေါင်...
ဒင်းဒေါင်... ဒင်းဒေါင်... ဒင်းဒေါင်...
လာပြီဗျို့... လာပြီ...
နင်ပြီးရင် ငါ့အလှည့်နော်... မိမွေး...
ငါတို့အိမ်မှာ လူခေါ်ခေါင်းလောင်း အသစ်တပ်ထားတယ်ဟ...
ဒင်း ဒေါင်...


ဂျော်
အေးကျော်နဲ့ လုံးချစ် ဘာလုပ်နေလဲ
ရုပ်ရှင်ကြည့်နေ တာပေါ့ကွာ
ငါနဲ့ သိတဲ့ ကာတွန်းဆရာက ပျောက်ချက် ကာတွန်းစာအုပ် တွေ ပေးလိုက်တယ်
ဂျော်နော် အာရုံလာမစားနဲ့ ဖုန်းပဲဟာဖုန်း အိမ်မှာ ပြန်ဖတ်
စာဖတ်တာ ဝါသနာ မပါဘူး ဒီမှာ အရုပ်ရှေ့အသံပါ ခံစား လို့ရတယ်
ဒါဆို ပြီးရော
ဟိုး... ဂျော် ရေ ခန...
ဘာဖြစ်ပြီ လဲ
ဖုန်း ဘီလ် ကုန်သွားလို့ ဖုန်းမှာ ဒါးရေလောက် ပါလား
ရှိုး
လုံးချစ် ရေ လာဟေ့ ဖုန်းနဲ့ ငါ့ ကာတွန်း စာအုပ်တွေ တပျော်ကြီး ဖတ်ကြည့်ကြစို့...
သိပ်ကြိုက်

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့်အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# အလုပ်သမားရေးရာ အငြင်းပွားမှုများဖြေရှင်းရေး ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ပေး

ခင်ရတနာ

*ယမန်နေ့မှ အဆက်*

ဆန္ဒပြ၊ သပိတ်မှောက်ခွင့်နှင့်ပတ်သက်၍ အလုပ်သမားဥပဒေပါပြဋ္ဌာန်းချက်များကို လေ့လာရာတွင်-

(က) အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၈ အရ သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိမှသာ သက်ဆိုင်ရာဥပဒေအရ ပြုလုပ်နိုင်ခြင်း၊

(ခ) အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၀ အရ မည်သူမျှအငြင်းပွားမှုတစ်ခုနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုဘဲ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားခြင်း၊

(ဂ) အလုပ်သမားအဖွဲ့အစည်းဥပဒေအရ သပိတ်မှောက်ခြင်းပြုလိုသော အလုပ်သမားအဖွဲ့အစည်းသည် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ ခွင့်ပြုချက်ဖြင့် သပိတ်မှောက်မည့် နေ့ရက်၊ နေရာ၊ ပါဝင်မည့်ဦးရေ၊ နည်းလမ်းနှင့် အချိန်ကာလတို့ကိုဖော်ပြ၍သက်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်များထံ ခွင့်ပြုချက်တောင်းခံ၍ အဖွဲ့ချုပ်၏ခွင့်ပြုချက်နှင့် အညီသာ သပိတ်မှောက်ခြင်း၊ ထိုသို့ ပြုလုပ်သော်လည်း ဥပဒေနှင့်ဆန့်ကျင်သောသပိတ်မှောက်ခြင်းဖြစ်ပါက တည်ဆဲဥပဒေနှင့်အညီ တားဆီးမှုပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

အထက်ပါပြဋ္ဌာန်းချက်များကို သုံးသပ်ရာတွင် အလုပ်သမားများသည် Right to Strike ပြုလုပ်ခွင့်ရှိသော်လည်း Illegal Strike ဖြစ်ပေါ်လာပါက ဥပဒေနှင့်အညီ တားဆီးနိုင်ကြောင်းနှင့် ဥပဒေနှင့်အညီဖြစ်စေရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းလုံခြုံရေးကို တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်ရပါသည်။

အလုပ်သမားအဖွဲ့အစည်းဥပဒေအရ သပိတ်မှောက်ခွင့် Right to Strike ရှိသော်လည်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့် အညီသာ သပိတ်မှောက်ခွင့်ရှိကြောင်း တွေ့ရှိရပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိဘဲ စက်ရုံအဝန်းအဝိုင်းပြင်ပသို့ ရောက်ရှိသွားပြီး အများပြည်သူနှင့်သက်ဆိုင်သည့် နေရာ၊ အများပြည်သူ ဝင်ထွက်သွားလာသည့်နေရာတို့တွင် သပိတ်မှောက်ခြင်းဖြစ်ပေါ်ပါက အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေနှင့် အကျုံးဝင်သက်ဆိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာ့ဆိုရှယ်လစ်ခေတ်ကာလနှင့်တပ်မတော်အစိုးရ တာဝန်ယူရသည့်ကာလတွင် တောင်သူလယ်သမား၊ အလုပ်သမားများ၏ အခွင့်အရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ယနေ့ ဒီမိုကရေစီခေတ်ကာလတွင် အလုပ်ရှင်များအနေဖြင့် ဥပဒေနှင့် အညီ အလုပ်သမားများ၏ အခွင့်အရေးများကို အပြည့်အဝပေးအပ်သင့်သကဲ့သို့ အလုပ်သမားများအနေဖြင့်လည်း မိမိတို့၏ လိုလားချက်များ၊ ရပိုင်ခွင့်များကို ဥပဒေနှင့်အညီ တင်ပြတောင်းဆိုသင့်ကြောင်းနှင့် အလုပ်ရှင် သို့မဟုတ် အလုပ်သမား တစ်ဖက်ဖက်၏ လိုလားချက်များကို ဥပဒေနှင့်အညီသာ ရပ်တည်ဆောင်ရွက်ပေးခွင့်ရှိကြောင်း တွေ့ရှိရပါသည်။ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နေသည့်အချိန်တွင်အလုပ်ရှင်၊ အလုပ်သမားအကြားဖြစ်ပွားသော အငြင်းပွားမှုများကို အတည်ပြုပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ညှိနှိုင်းဆွေးနွေး အဖြေရှာသည့်လမ်းကြောင်းဖြင့် ဖြေရှင်းခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သတ်မှတ်ထားသည့် ဥပဒေပါလုပ်ငန်းစဉ်များအတိုင်း ဆွေးနွေးလုပ်ဆောင်မှု မရှိခြင်း၊ ဥပဒေနှင့်မညီသော ဆန္ဒပြမှုပြုလုပ်ခြင်း၊ မိမိတို့တောင်းဆိုသည့်အချက်များနှင့်ပတ်သက်၍ ဥပဒေမဲ့အကျိုးစီးပွားပျက်စီးစေရန် ဆောင်ရွက်မှုများသည် နှစ်ဖက်အလုပ်ရှင်၊ အလုပ်သမားများသာမက နိုင်ငံတော်၏ အကျိုးစီးပွားကို ဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိစေပါသည်။

စက်ရုံ၊ အလုပ်ရုံများ ပေါ်များလာသည်နှင့်အမျှ အလုပ်ရှင်၊ အလုပ်သမားများအကြား ဖြစ်ပွားသော အငြင်းပွားမှုများ များပြားလာခြင်းသည် ယနေ့ရင်ဆိုင်နေရသည့် အခက်အခဲပြဿနာတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့ အငြင်းပွားမှုများဖြစ်ပေါ်လာရခြင်းမှာ အဓိကအားဖြင့် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများကို လေးစားလိုက်နာမှုအားနည်းနေခြင်းကြောင့်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

အငြင်းပွားမှုများ ဖြစ်ပွားရသည့် အရင်းအမြစ်များသည် လုပ်ငန်းခွင်အတွင်း အလုပ်ရှင်၊ အလုပ်သမားများ၏ဆက်ဆံရေးကောင်းမွန်မှုမရှိခြင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများအားပြိုင်ခြင်း၊ အလုပ်ရှင်ဘက်က အလုပ်သမားအဖွဲ့အစည်းများကို အသိအမှတ်မပြုခြင်း၊ အလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်သည်ဟု အကြောင်းပြ၍ လုပ်ငန်းခွင်အတွင်း အလုပ်မလုပ်ကိုင်ဘဲ စည်းရုံးလှုံ့ဆော်ခြင်း၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားအဖွဲ့အစည်းများအကြား အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာမှုအားနည်းခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို မရရှိခြင်းတို့ကြောင့် ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

**ဆန္ဒပြမှုများလျော့နည်းပြီး**
**လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် အကြံပြုချက်များ**

(က) စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ကို ဖွဲ့စည်းရန်လိုအပ်ပြီး အလုပ်သမားရေးရာအငြင်းပွားမှုများဖြစ်ပွားပါက အဆိုပါအဖွဲ့တွင် အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များမှ နှစ်ဦးနှစ်ဖက်ဆွေးနွေးခြင်း (Bipartite Process) ကို ကနဦးလုပ်ဆောင်သင့်ပါသည်။ ထိုသို့ လုပ်ဆောင်သော်လည်း နှစ်ဖက်ညှိနှိုင်း၍ ပြေလည်မှုမရရှိပါက ဥပဒေမဲ့ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်းများမပြုလုပ်ဘဲ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ သက်ဆိုင်ရာအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အဆင့်ဆင့်၏ ဥပဒေနှင့်အညီ ဖျန်ဖြေဆုံးဖြတ်ပေးမှုကို ခံယူသင့်ပါသည်။

**“အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်အနေဖြင့် အလုပ်သမားဥပဒေများကို သိရှိပြီး လေးစားလိုက်နာသည့်စိတ်ဓာတ်နှင့် လုပ်ငန်းခွင်အတွင်း ဆက်ဆံရေးကောင်းမွန်စေရေးကို ရှေးရှုသည့် စိတ်ပြည့်ဝနေမှသာ ဆန္ဒပြ၊ သပိတ်မှောက်မှုများ လျော့နည်းနိုင်မည်ဖြစ်ပါသည်။ အလုပ်ရှင်နှင့် အလုပ်သမား အနေဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အမှီသဟဲပြုနေကြသဖြင့် အပြန်အလှန် နှစ်ဖက်နားလည်မှုရှိစွာဖြင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့်အပြင် အလုပ်သမားများအနေဖြင့်လည်း လုပ်အားခရငွေများသည် မိမိတို့၏ကုန်ထုတ်နိုင်စွမ်း၊ ကျွမ်းကျင်မှုနှင့် အလုပ်အပေါ် တန်ဖိုးထားလုပ်ဆောင်မှုတို့အပေါ်၌လည်း မူတည်နေသည်ကို သတိပြုရန်လိုအပ်ပါသည်”**

(ခ) အလုပ်သမားအဖွဲ့အစည်းများအနေဖြင့် မိမိတို့အလုပ်သမားများ၏ တောင်းဆိုချက်များကို ဥပဒေနှင့်အညီ တင်ပြပြောဆိုပေးရန် လိုအပ်သကဲ့သို့ အလုပ်ရှင်များဖြစ်သော HR များ၊ မန်နေဂျာများ၊ လုပ်ငန်းပိုင်ရှင်များမှလည်း အလုပ်သမားဥပဒေများကို သိရှိလေးစားလိုက်နာရန် လိုအပ်ပါသည်။

(ဂ) အလုပ်ရှင်များအနေဖြင့် အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်၊ အလုပ်သမားများ၏ လုပ်ငန်းခွင်စည်းကမ်းများကို လိုက်နာမှုမရှိခြင်း၊ အလုပ်သမားအဖွဲ့အစည်းများ၏ ရပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အငြင်းပွားမှုမဖြစ်ပွားမီ ကြိုတင်၍ သီးသန့်ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ရန် လိုအပ်ပါသည်။

(ဃ) အလုပ်သမားအဖွဲ့အစည်းဥပဒေအရ သပိတ်မှောက်ခွင့် Right to Strike ရှိသော်လည်း အဆိုပါအခွင့်အရေးသည် သတ်မှတ်ထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီသာ ဆောင်ရွက်ခွင့်ရှိပြီး စက်ရုံအဝန်းအဝိုင်းပြင်ပသို့ရောက်ရှိ၍ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာ၊ အများပြည်သူဝင်ထွက်သွားလာသည့်နေရာတို့တွင် သပိတ်မှောက်ခြင်းဖြစ်ပါက အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေနှင့် အကျုံးဝင်သက်ဆိုင်သည့်အတွက် အဆိုပါဥပဒေနှင့်အညီ လုပ်ဆောင်ရန်လိုအပ်ပါသည်။

(င) အလုပ်သမားဥပဒေများနှင့် အရေးယူပိုင်ခွင့်မရှိသည့် အများပြည်သူများနှင့်သက်ဆိုင်သည့် နေရာများ၊ အလုပ်ရုံ၊ စက်ရုံဝင်ပေါက်များတွင် ပိတ်ဆို့ဆန္ဒပြမှုများဖြစ်ပွားပါက သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိသူအဆင့်ဆင့်မှ တည်ဆဲဥပဒေများနှင့်အညီ တိကျစွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါသည်။

(စ) အလုပ်သမားများမှ ဥပဒေနှင့်အညီ တောင်းဆိုမှုများ ပြုလုပ်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် စက်ရုံ၊ အလုပ်ရုံများတွင် အသိပညာပေး ဆွေးနွေးမှုများ စဉ်ဆက်မပြတ် လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

**လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေရန်**
**ဆောင်ရွက်ရမည့်အချက်များ**

လုပ်ငန်းရှင်များသည် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာ၍ ကုန်ထုတ်လုပ်နိုင်မှုအပိုင်းတွင် တိုးတက်လာရန် ရည်ရွယ်သကဲ့သို့ အလုပ်သမားများအနေဖြင့်လည်း မိမိတို့၏ လုပ်အားနှင့်ထိုက်တန်သော သင့်တင့်သည့် လုပ်အားခကဲ့သို့သော ခံစားခွင့်များ အပြည့်အဝရရှိခြင်း၊ လုပ်ငန်းခွင်အေးချမ်းသာယာခြင်း၊ မိမိတို့အလုပ်ရှင်နှင့် မိမိတို့အကြား လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်မှုကို လိုလားမည်ဟု ထင်မြင်ပါသည်။

အလုပ်ရှင်များအနေဖြင့် ဥပဒေပါရပိုင်ခွင့်များကို ရရှိအောင်ဖြည့်ဆည်းပေးခြင်း၊ မိမိအလုပ်သမားများ၏ယုံကြည်မှုတိုးပွားလာအောင် တည်ဆောက်ခြင်း၊ အလုပ်သမားများအား လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် ဆောင်ရွက်ပေးခြင်း၊ အလုပ်သမားများအချင်းချင်း တစ်ဦးနှင့်တစ်ဦး ကျွမ်းကျင်မှုယှဉ်ပြိုင်နိုင်သည့်စိတ်ဓာတ်များ ဖြစ်ပေါ်လာအောင် မွေးမြူပေးခြင်းဖြင့် အလုပ်သမားများအနေဖြင့် မိမိ၏စက်ရုံနှင့် လုပ်ငန်းခွင်အပေါ်တွင် သံယောဇဉ်ကြီးပြီး မျှဝေခံစားလိုသည့် စိတ်ဓာတ်ထားရှိလာနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

ဝန်ကြီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားများ အလုပ်သမားဥပဒေများကို သိရှိနားလည်ရန်အတွက် စက်ရုံ၊ အလုပ်ရုံများတွင် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ တာဝန်ခံအရာရှိများကို အသိပညာပေးဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်လျက်ရှိပြီး ILO ကဲ့သို့သော အဖွဲ့အစည်းများနှင့်ပူးပေါင်း၍လည်း လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေသည့် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများအား ပြုလုပ်ပေးလျက်ရှိကြောင်း တွေ့ရှိရသည်မှာ အားရစရာပင်ဖြစ်ပြီး ထိုကဲ့သို့ သင်တန်းများ၊ ဆွေးနွေးပွဲများကို ILO ကဲ့သို့သော အဖွဲ့များနှင့်ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်အနေဖြင့် အလုပ်သမားဥပဒေများကို သိရှိပြီး လေးစားလိုက်နာသည့်စိတ်ဓာတ်နှင့် လုပ်ငန်းခွင်အတွင်း ဆက်ဆံရေးကောင်းမွန်စေရေးကို ရှေးရှုသည့် စိတ်ပြည့်ဝနေမှသာ ဆန္ဒပြ၊ သပိတ်မှောက်မှုများ လျော့နည်းနိုင်မည်ဖြစ်ပါသည်။ အလုပ်ရှင်နှင့် အလုပ်သမားအနေဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အမှီသဟဲပြုနေကြသဖြင့် အပြန်အလှန် နှစ်ဖက်နားလည်မှုရှိစွာဖြင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့်အပြင် အလုပ်သမားများအနေဖြင့်လည်း လုပ်အားခရငွေများသည် မိမိတို့၏ကုန်ထုတ်နိုင်စွမ်း၊ ကျွမ်းကျင်မှုနှင့် အလုပ်အပေါ် တန်ဖိုးထားလုပ်ဆောင်မှုတို့အပေါ်၌လည်း မူတည်နေသည်ကို သတိပြုရန်လိုအပ်ပါသည်။

ဝန်ကြီးဌာနအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများကို စည်းကြပ်၍ ဥပဒေပါရပိုင်ခွင့်များကို အလုပ်သမားများ ရရှိခံစားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ရာတွင် အလုပ်သမားများအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ အကျိုးခံစားခွင့်များမရရှိပါက အလုပ်ရှင်ထံ တင်ပြသင့်ပြီး အလုပ်ရှင်အနေဖြင့်လည်း အလုပ်သမားတင်ပြချက်များကို လက်ခံ၍ နှစ်ဖက်ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန် လိုအပ်ပါသည်။ ယခုအခါ ဥပဒေပြင်ပ အငြင်းပွားမှုပြဿနာများ ရှိလာသည်ဖြစ်ရာ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပူးပေါင်းကူညီဆောင်ရွက်မှုများလည်း လိုအပ်လာပါသည်။ သို့မှသာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများသည် မိမိနယ်မြေအတွင်း ဥပဒေမဲ့ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်းများ မရှိတော့ဘဲ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

အငြင်းပွားမှုများ လျော့နည်းစေရန်အတွက်လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေရန် အလုပ်ရှင်များနှင့် အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်သမားများသည်အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခြင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊ အငြင်းပွားမှုအား ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာဖြေရှင်းခြင်းဖြင့် ကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများရရှိပြီး ဆန္ဒပြသည့်ဖြစ်စဉ်များ လျော့နည်းလာမည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

**သုံးသပ်တင်ပြချက်**

သို့ဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရန် ဆောင်ရွက်ပေးခြင်း၊ အငြင်းပွားမှုများကို ဥပဒေနှင့်အညီဖြေရှင်းနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အလုပ်ရှင်၊ အလုပ်သမားများမှ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ဝစွာရရှိခံစားနိုင်စေရန် စည်းကြပ်ဆောင်ရွက်ခြင်း၊ တည်ဆဲအလုပ်သမားဥပဒေများ၊ လုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို သိရှိစေရန် အသိပညာပေးခြင်းများ ဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။

အလုပ်သမားရေးရာအငြင်းပွားမှုများမှာ ပျမ်းမျှအားဖြင့် နေ့စဉ် ၁၃ မှုခန့် ဖြစ်ပွားနေကြောင်းတွေ့ရှိရပြီး အလုပ်သမားဥပဒေများနှင့် အရေးယူပိုင်ခွင့်မရှိသည့် အများပြည်သူများနှင့်သက်ဆိုင်သည့် နေရာများ၊ အလုပ်ရုံ၊ စက်ရုံဝင်ပေါက်များတွင် ပိတ်ဆို့ဆန္ဒပြမှုများမှာ လက်ချိုးရေတွက်၍ရသည့် အနည်းငယ်မျှသာဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလုပ်သမားဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ထဲထဲဝင်ဝင်လေ့လာပြီး အလုပ်သမားဥပဒေ လုပ်ထုံးလုပ်နည်းများကို လေ့လာဖတ်ရှုပါက ထိုကဲ့သို့ အလုပ်သမားဆန္ဒပြမှုများ ဖြစ်ပေါ်သည့်အခါတိုင်း အလုပ်သမားဝန်ကြီးဌာန၏တာဝန်ဟု သတ်မှတ်ခြင်း မပြုသင့်ကြောင်း တွေ့ရှိရပါသည်။ ဌာနအပေါ် တစ်ဖက်သတ် အဆိုးအမြင်စိတ်ဖြင့် ကြည့်ရှုခြင်းမပြုဘဲ ဥပဒေနှင့် မညီညွတ်မှုများပေါ်ပေါက်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ သက်ဆိုင်ရာဌာနများ၊ အလုပ်ရှင်၊ အလုပ်သမားများအပါအဝင် တာဝန်ရှိသူအဆင့်ဆင့်မှ တည်ဆဲဥပဒေများနှင့်အညီ တိကျစွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း သုံးသပ်ရပါသည်။

အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့်လည်း နှစ်ဦးနှစ်ဖက်ပွင့်လင်းမြင်သာမှုရှိပြီး အပြန်အလှန်ယုံကြည်မှုနှင့် အပြုသဘောဆောင်၍ ငြိမ်းချမ်းစွာလုပ်ဆောင်ခြင်း၊ အလုပ်သမားများအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ အကျိုးခံစားခွင့်များမရရှိပါက မိမိတို့၏အလုပ်ရှင်များထံ အေးချမ်းစွာတင်ပြတောင်းဆိုရန်လိုအပ်ပြီး အလုပ်ရှင်မှလည်း အလုပ်သမားများ၏ တင်ပြချက်များကို လက်ခံ၍ နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ နှစ်ဖက်ညှိနှိုင်း၍ ပြေလည်မှုမရရှိပါက အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ ဖျန်ဖြေဆုံးဖြတ်ပေးမှုခံယူခြင်းကို လုပ်ဆောင်ပါက အလုပ်ရှင်၊ အလုပ်သမားအကြား ပဋိပက္ခများလျော့နည်း၍ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ကာ ကုန်ထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ပြီးအငြင်းပွားမှုများ လျော့နည်းလာမည်မှာ အမှန်ကေန်ပင်ဖြစ်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

# ရန်ကုန်စက်မှုတက္ကသိုလ်/ရန်ကုန်နည်းပညာတက္ကသိုလ်
# နှစ်ပေါင်းစုံ-မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏
# အငြိမ်းစားဆရာ(၂၀၁၈) မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားခြင်း

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား/ကျောင်းသူဟောင်းများ၏ အငြိမ်းစားဆရာ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲများ ကျင်းပမည်ဖြစ်ပါသည်။

အထက်ပါပွဲများတွင် ပြည်တွင်းပြည်ပမှ အချိန်ပြည့်၊ အချိန်ပိုင်းဆရာ၊ ဆရာမများကို ဖိတ်ကြားပြီး ပူဇော်ကန်တော့မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ပူဇော်ကန်တော့ကြရန်အတွက် ပြည်တွင်းပြည်ပမှ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများအား ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကျင်းပမည့်အစီအစဉ်**

**၂၂-၁၂-၂၀၁၈ ရက် (စနေနေ့)**

| ကျင်းပမည့် ပွဲ | ကျင်းပမည့် အချိန် | ကျင်းပမည့် နေရာ |
|---|---|---|
| မြတ်ဆရာပူဇော်ပွဲ | နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ | စုဝေးခန်းမ-ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ် |
| မိတ်ဆုံညစာ စားပွဲ | ညနေ ၆ နာရီမှ ည ၉ နာရီထိ | WESTERN PARK RUBY RESTAURANT ပြည်သူ့ရင်ပြင် |

**မှတ်ချက်။** ။ ဆရာ/ဆရာမများကို တည်ခင်းဧည့်ခံသော မိတ်ဆုံညစာစားပွဲသို့ တက်ရောက်လိုပါက ညစာစားပွဲလက်မှတ်များကို မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး-ဦးရီဝင်း ဖုန်း-၀၉-၇၈၁၁၂၄၄၈၀၊ ပြန်ကြားရေးအတွင်းရေးမှူး-ဦးကျော်ဆန်း ဖုန်း-၀၉-၅၀၀၃၈၁၆ နှင့် ဧည့်ခံကျွေးမွေးရေးတာဝန်ခံ ဒေါ်စန်းစန်း ဖုန်း-၀၉-၇၉၄၈၄၀၇၃၄ တို့ထံတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**အငြိမ်းစားဆရာ (၂၀၁၈) နှစ်ပေါင်းစုံမြို့ပြအင်ဂျင်နီယာဘွဲ့ရများ၏**
**မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ကျင်းပရေးကော်မတီ**


**STRATEGY FIRST**

မြန်မာနိုင်ငံတွင် တက်ရောက်နိုင်သော အကောင်းဆုံးနှင့် ဂုဏ်သိက္ခာအကြီးမားဆုံး နိုင်ငံတကာ MBA




UK နိုင်ငံ Heriot-Watt University, Edinburgh Business School မှ MBA (General), MBA (Finance), MBA (Marketing), MBA (HRM) နှင့် MSc (Marketing) ဘွဲ့များကို Strategy First တွင်ရယူနိုင်ပါပြီ။ UK နိုင်ငံရှိတက္ကသိုလ် များ၏ အဆင့်သတ်မှတ်ချက်ကိုဖော်ပြသောUK Guardian University League Table 2018 တွင် Heriot-Watt University သည်နံပါတ်(၃၉)နေရာရရှိထားပြီး QS World's Rankingအရ ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များတွင် အဆင့် (၃၀၂) ရှိသောတက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ် သင်တန်းချိန်များ ဖြစ်ပါသည်။ သင်တန်းကာလမှာ(၁၈)လ ကြာမြင့်ပါမည်။ ဝင်ခွင့်သတ်မှတ်ချက်များမှာ တက္ကသိုလ်မှဘွဲ့တစ်ခုရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်၊ IELTS အမှတ်(6.5) ရရှိထားသူဖြစ်ရပါမည်။ သင်တန်းကြေးကို(၅) ကြိမ်အထိအရစ်ကျ ပေးသွင်းနိုင်ပြီး AYA Bank၏ Student Loanလျှောက်ထားခြင်းဖြင့်လည်း အရစ်ကျပေးသွင်းနိုင်ပါသည်။ သင်တန်းကြေးမှာ မြန်မာကျပ်ငွေ "သိန်း(၁၇၀)ကျပ်ခန့်" ကျသင့်မည်ဖြစ်သည်။ စာမေးပွဲကြေး တစ်ဘာသာကို စတာလင်ပေါင်(၁၆၀) နှင့်ညီမျှသောမြန်မာကျပ်ငွေကို ပေးသွင်းရမည်ဖြစ်ပါသည်။

ဒီဇင်ဘာလ (၁၅) ရက်နေ့ တန်းခွဲသစ် စမည်။

237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.

**Call Now: (09) 450 1777 70**

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.


## (၂)ရက် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကျိုက်ဒေးဒလွန်ဘုရားလမ်း၊ စုပေါင်းရုံးမှတ်တိုင်အနီးရှိ မိုးကုတ်ဝိပဿနာထေရီဓမ္မရိပ်သာအတွင်း၌ ၁၅-၁၂-၂၀၁၈ရက်မှ ၁၆-၁၂-၂၀၁၈ရက်အထိ (၂)ရက် အထူးတရားစခန်းပွဲအား ဖွင့်လှစ်သွားမည်ဖြစ်ပါ၍ စာရင်းပေးသွင်းနိုင်ပါသည်။ ရက်ရှည်ဝင်လိုသူများလည်း ဆက်လက်ဝင်ရောက်နိုင်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့၊ စုပေါင်းရုံးမှတ်တိုင်အနီး၊ မှော်ဘီမြို့**
**ဖုန်း-၀၉-၇၆၀၉၈၉၂၃၈၊ ၀၉-၂၅၄၄၅၀၃၀၅**

## ရှမ်းပြည်နယ်လွှတ်တော်ရုံး
## တောင်ကြီးမြို့
## တင်ဒါတင်သွင်းရမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ရေးရာကော်မတီများ ကွင်းဆင်းအသုံးပြုရန်လိုအပ်သည့် (၁၂)ယောက်စီး မှန်လုံမော်တော်ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ တောင်ကြီးမြို့အရောက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုကြောင်းနှင့် အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၁၁-၂၀၁၈ ရက် နောက်ဆုံးထား၍ တင်သွင်းရန် ကြော်ငြာခဲ့ပါသည်။

၂။ အဆိုပါ (၁၂)ယောက်စီး မှန်လုံမော်တော်ယာဉ်များ ဝယ်ယူရေးနှင့်ပတ်သက်၍ တင်ဒါပိတ်ရက် ၃၀-၁၁-၂၀၁၈ ရက်အစား ၇-၁၂-၂၀၁၈ ရက် နောက်ဆုံးထား၍ တင်သွင်းရန် ပြင်ဆင်သတ်မှတ်ပါသည်။

**ရှမ်းပြည်နယ်လွှတ်တော်ရုံး**

**ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀) လူနေရပ်ကွက်အမှတ်(၁၀)၊ အဿက(၂၀)လမ်း၊ မြေကွက်အမှတ်(၅၈၇)၊ အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိနှစ်(၆၀)ဂရန်မြေကွက်၏ (ခေါင်းရင်းဘက်ခြမ်း) (အလျား ၆၀ပေ×အနံ၂၀ပေ)မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ကို**

## ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါမြေကွက်နှင့် နေအိမ်ကို ဦးအောင်မျိုးဝင်း ၁၄/မအန(ဧည့်) ၀၀၀၀၃၄မှ ဦးကုလားကြီး (AC-026051)အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်များ၊ ၁၄-၂-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ် ငွေချေကတိစာချုပ်နှင့်ကိုယ်စားလှယ်လွှဲစာတို့အရ ဝယ်ယူပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းချငွေ တစ်စိတ်တစ်ဒေသအဖြစ် (စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇင်ဆိုင် LL.B, DL 101, WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၅၄၇)**
**ဖုန်း-၀၉-၅၀၃၆၃၀၆၊ ၀၉-၇၈၅၀၃၆၃၀၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ ဒေါ်ဘေဘီစံ(ခ)ဒေါ်သူသူစံ ၁၂/ကတတ(နိုင်)၀၁၂၁၇၅သည် အမည်နှစ်မျိုးကွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဘေဘီစံ(ခ)ဒေါ်သူသူစံ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ကျော် (ဘ) ဦးအုန်းတင် ၉/မခန(နိုင်)၀၀၇၇၇၅၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၁၉၃၃၃၈**

## အမည်မှန်

ပုသိမ်မြို့၊ (၆)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ် ၃၁နေ ဦးမျိုးဝင်း ၁၄/ပသန(နိုင်)၀၄၂၅၄၆ ၏သား မောင်ထက်ခေါင် ၏ အမည်မှန်မှာ မောင်ကောင်းထက်ချာန် ဖြစ်ပါကြောင်း။ **မောင်ကောင်းထက်ချာန်**

## ဖခင်အမည်မှန်

လယ်ဝေးမြို့၊ မူလွန်(ဗဟို)ကျောင်း ဆဋ္ဌမတန်း(B)မှ မအေးအေးအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်လွင် ၉/လဝန(နိုင်)၁၁၁၉၄၂ (ကွယ်လွန်) ဖြစ်ပါကြောင်း။ **ဦးတင်မောင်လွင်**

## မိဘအမည်မှန်

မြင်းခြံ ဒီဂရီကောလိပ်မှ ဘွဲ့ရ မဇာဇာလှိုင် တောင်သာမြို့နယ်၊ ဇရပ်ကြီး အထက တက္ကသိုလ်ဝင်တန်းမှ မရွှေရည်ဝင်း၊ သတ္တမတန်းမှ မသူဇာဟန်၊ ပဥ္စမတန်းမှ မပြည့်ပြည့်၊ ဒုတိယတန်းမှ မမြတ်ဇူလိုင်တို့၏ မိဘအမည်မှန်မှာ ဦးမြင့်အောင်နှင့် ဒေါ်ဝင်းသိန်း ဖြစ်ပါကြောင်း။

**ဦးမြင့်အောင်-ဒေါ်ဝင်းသိန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ နဝင်းရပ်ကွက်၊ အကွက်အမှတ်(၄)၊ နဝင်း၊ ဦးပိုင်အမှတ်(၈၆၆)မှ မြေဧရိယာ ၀ဒသမ ၀၆၃ဧကရှိ မြေသည် မူလတွင် ဦးကြည်၊ ဒေါ်ညွန့်ရီအမည်ဖြင့် မြေငှားဂရန်ရရှိထားရာမှ ယခုအခါ ဒေါ်စောသန်း ပါ(၄)ဦးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေး လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ်(၉ဒီ)၊ ဆံတော်အနောက်ကွက်၊ ဦးပိုင်အမှတ်(၂၁၄)မှ မြေဧရိယာ ၀ဒသမ ၀၄၃ဧကရှိ မြေသည် မူလတွင် ဒေါ်ကြည်ကြည်အမည်ဖြင့် မြေငှားဂရန်ရရှိထားရာမှ ယခုအခါ ဦးဝင်းမောင်နှင့် ဒေါ်သိန်းသိန်းစိုးအမည်တို့ဖြင့် မြေငှားဂရန်ရရှိရေးလျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)ရပ်ကွက်၊ (သီပေါလမ်း)၊ မြေကွက်အမှတ်(၆၈၂)၊ ဧရိယာပေ(၄၀×၆၀) ရှိသည့် ဂရန်အမည်ပေါက် ဒေါ်ကြည်ပြာဝင်း ၁၂/ဥကတ(နိုင်)၀၁၉၀၅၃ က တရားဝင် အမည်ပေါက်နေပါသည်။ အဆိုပါမြေကွက်၏ ခေါင်းရင်းဘက်ခြမ်း ပေ(၂၀×၆၀) မြေအစိတ်အပိုင်းနှင့် မြေပေါ်ရှိနေအိမ်ကို အရောင်းအဝယ်သဘောတူကတိစာချုပ်အဆက်ဆက်အရ ဒေါ်အေးအေးမော် ၁၂/ဗဟန(နိုင်)၀၆၆၄၄၁ က တရားဝင် လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ယခုကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းဇော်မိုး ၉/ကပတ(နိုင်)၁၄၈၄၃၃**
**ဖုန်း-၀၉-၄၂၁၀၂၂၆၂၄၊ ၀၉-၄၄၄၅၂၅၁၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်းမြမြို့နယ်၊ ကဝက်ချောင်းဖျားကျေးရွာနေ နန့်ပန်းမိုးဦး၏ဖခင် မန်းစိန်ကုလားနှင့် ဦးစိုင်းလက်စတင်း ၁၄/မမန(နိုင်)၀၅၂၉၈၅ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မန်းစိန်ကုလား(ခ)ဦးစိုင်းလက်စတင်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၄၀)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၈၅၀ နေ ဦးစန်းလင်း-ဒေါ်လင်းလင်းစိုးတို့၏သား၊ မောင်ဖြိုးသန့်ကျော်(ခ)တုတ်ကြီးသည် မိဘများအား စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများအား လုံးဝ တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစန်းလင်း ၁၂/ဥကတ(နိုင်)၁၂၈၄၂၃**
**ဒေါ်လင်းလင်းစိုး ၁၂/ဒဂရ(နိုင်)၀၀၃၄၄၂**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/7276 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/9293 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၁) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့

အခမဲ့ထုတ်ဝေသည်

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ပ - ၃၉၃၀၂၀

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

| | |
|---|---|
| ကဂ - ၅၈၈၂၉၀ | ဒ - ၇၅၂၅၈၀ |

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

| | |
|---|---|
| ဓ - ၄၆၃၀၃၃ | ကဎ - ၈၄၅၀၂၂ |
| ကဆ - ၈၀၀၉၆၆ | |

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | | |
|---|---|---|
| ကထ - ၂၃၃၀၇၇ | ရ - ၅၉၄၈၁၇ | သ - ၉၉၅၃၂၉ |
| ထ - ၅၁၇၇၀၆ | ဖ - ၇၇၈၈၆၅ | |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ကင | ၁၁၅၈၁၈ |
| ဈ | ၁၃၀၆၂၂ |
| မ | ၂၂၄၇၃၀ |
| ဠ | ၂၄၀၆၉၈ |
| ဖ | ၂၆၂၀၆၈ |
| ဘ | ၃၃၄၃၉၁ |
| ကခ | ၄၆၈၃၈၅ |
| င | ၅၃၂၂၄၃ |
| ယ | ၅၆၅၄၅၅ |
| ဏ | ၇၀၇၉၈၃ |
| ကဍ | ၇၃၆၃၉၉ |
| ဘ | ၇၃၉၂၄၈ |
| ဝ | ၈၃၆၆၉၉ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

| | |
|---|---|
| ကဏ | ၁၂၆၄၅၇ |
| ဌ | ၁၃၈၁၄၃ |
| ဝ | ၂၆၁၃၉၇ |
| ယ | ၂၆၄၁၅၁ |
| ဍ | ၂၈၆၄၇၂ |
| ဠ | ၃၃၅၃၁၉ |
| ဌ | ၄၇၉၄၉၉ |
| သ | ၅၂၅၄၅၀ |
| လ | ၆၁၀၀၀၂ |
| ည | ၆၆၆၈၂၆ |
| ကဏ | ၇၃၀၃၂၀ |
| လ | ၇၇၂၇၃၁ |
| လ | ၉၂၈၇၅၅ |

